ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ရက်၊တနင်္ဂနွေနေ့၊ (6-3-2005) (၄၅၂၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၆

၂၀၀၅ခုနှစ် မတ် ၆ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျွန် အေဂျေကွမ် ကူဖိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ယနေ့ကာလသည် ခေတ်ပြောင်း၊ စနစ်ပြောင်း အသွင်ကူးပြောင်းနေသောကာလဖြစ် နိုင်ငံ့ဝန်ထမ်းအားလုံး မှန်ကန်သောအတွေးအခေါ်နှင့် ထက်ထက်မြက်မြက် ပူးပေါင်းလုပ် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အရှိန်အဟုန်မြှင့်တင်တည်ဆောက်

ရန်ကုန် မတ် ၅

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့နံနက် ၈ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်/တိုင်း အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❋

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်နှင့်တိုင်း အုပ်ချုပ်ရေးမှူးများအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

☆ **အချို့ဝန်ထမ်းများသည် အားကြိုးမာန်တက် အပင်ပန်းခံ အလုပ်လုပ်ကြသော်လည်း တချို့ကမူ ကြိုးနီစနစ်များနှင့် ရစ်ပတ်နှောင်ဖွဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာ၌ ကြန့်ကြာနေမှုများ၊ တာဝန်ကျေရုံ ဆောင်ရွက်နေမှုများရှိနေ။**

☆ **အချို့ဝန်ထမ်းများမှာ အဖြစ်မှန်၊ အခြေအနေမှန်ထက် မိမိ၏လူကြီးအကြိုက် ပုံစံတကျတင်ပြပြီး "မျှော" လိုက်နေသည်များကိုလည်း တွေ့မြင်နေရ။**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၆–၃–၂၀၀၅
(တနင်္ဂနွေနေ့)

ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ထိန်းသိမ်းမြှင့်တင် မြန်မာအမျိုးသမီးငယ်ရွယ်များအား ပညာပေးစည်းရုံး

နိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးများအား တိုးတက်ပြောင်းလဲလာသောခေတ်နှင့်အညီ အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းရေးတို့အပြင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင်အင်အားစုအဖြစ် ဖြစ်ပေါ်လာစေရေး ဦးတည်ပျိုးထောင်အားပေးလျက်ရှိသည်။

ထို့ကြောင့်ပင် စီးပွားရေးကဏ္ဍ၌ ရှေ့တန်းကပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များကို တွေ့မြင်နေရသည်။ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍများ၌ အမျိုးသမီးများပါဝင်ဦးစီးဦးဆောင်ပြုနေကြပြီဖြစ်သည်။ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍ အထွေထွေတို့၌လည်း ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ ပေါ်ထွက်လျက်ရှိကြောင်း တွေ့မြင်နေရသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ရာ အဖွဲ့ဝင်ဦးရေ ကန့်သတ်ချက်မရှိ၊ မိမိစိတ်ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သော လူမှုရေးအဖွဲ့အစည်းဖြစ်သည်။ အဆိုပါ အဖွဲ့အစည်းတွင် အမျိုးသမီးများ၏ အရေးအရာကိစ္စရပ်များသာမက အမျိုးသားရေးနှင့် လူမှုရေးလုပ်ငန်းများတွင်ပါ အမျိုးသမီးတိုင်း ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သော အခွင့်အရေးများ ရရှိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မတ်လ ၃ ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **မြန်မာအမျိုးသမီးငယ်ရွယ်များအကြား မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်အစဉ်အလာများကို မြတ်နိုးလေးစား ထိန်းသိမ်းမြှင့်တင်တတ်သည့် အလေ့အထနှင့် ခံယူချက်ဖြစ်ပေါ်လာအောင်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အမြဲမပြတ်ရှင်သန်ထွန်းကား ပြန့်ပွားနေစေရအောင် စည်းရုံးဦးဆောင် ပညာပေးထိန်းသိမ်း သွားကြရမှာဖြစ်ကြောင်း** မှာကြားသွားသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို မြန်မာအမျိုးသမီးများကိုယ်တိုင်ဦးဆောင်ပြီး မြန်မာအမျိုးသမီးများအရေး၊ နိုင်ငံတော်၏ အရေးကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူဆောင်ရွက်နိုင်ရန် စနစ်တကျ ဖွဲ့စည်းထားခြင်းဖြစ်ရာ အခြေခံဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အထိ လုပ်ငန်းများ သွက်လက်ထက်မြက်စွာ လှုပ်ရှားနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မွန်မြတ်သော အမျိုးသားရေး အကျိုးစီးပွားသက်သက်ကိုသာ ရှေးရှုဖွဲ့စည်းထားသည်နှင့်အညီ ဖွဲ့စည်းမှုအဆင့်ဆင့်တွင် တာဝန်ယူဦးဆောင်ကြမည့် အမျိုးသမီးခေါင်းဆောင်များအနေဖြင့် စိတ်ဓာတ်ရေးရာ၊ ကိုယ်ကျင့်သိက္ခာ၊ စွမ်းဆောင်မှုအရည်အသွေးတို့တွင် အဘက်ဘက်က စံနမူနာပြဖြစ်စေရန် အထူးလိုအပ်မည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ဖြည့်ဆည်းအကောင်အထည်ဖော်ပေးလျက်ရှိသည်နှင့်အညီ အမျိုးသမီးရေးရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ လွှမ်းခြုံဆောင်ရွက်ပေးနိုင်လျက် ရှိပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ရင်း အမျိုးသမီးငယ်ရွယ်များအကြား တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများကို မြတ်နိုးလေးစား ထိန်းသိမ်းလာစေရေး ပညာပေးစည်းရုံး ဦးဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံ နားရက် စနေနေ့၌ ရန်ကုန်တိုင်း သန်လျင်မြို့ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့သို့ စေတီတော်ဘက်စုံ မွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျိုက်ခေါက်စေတီတော်ဖူးမြော် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့(စနေနေ့)နံနက်ပိုင်းတွင် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်း သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ ဗိုလ်မှူးမြင့်ထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၆ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းမှ ထွက်ခွာလာကြပြီး နံနက် ၈ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင်၊ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးနှင့်အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး(အငြိမ်းစား)နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ ကျောက်တန်းတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(အငြိမ်းစား)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စေတီတော်နောက်ခံသမိုင်းနှင့် စေတီတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် စုပေါင်းလှူဒါန်းငွေ ကျပ် ၇၇၂၆၀ ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂေါပကအဖွဲ့က ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်၏ သမိုင်းရင်းမြစ်နှင့် ဖြစ်တော်စဉ် လက်ကမ်းစာစောင်များကို ဓမ္မဒါနအဖြစ် ပေးအပ်သည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိလေ့လာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ပင်မအဝင်မုခ်ဦး၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ထူထောင်ခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ တည်ဆောက်ပြသထားသော ပြကွက်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ရခိုင်ရွာ၌ ပြသထားသည့် ရိုးရာနေအိမ်၊ ရခိုင်ရိုးရာအက၊ ရခိုင်ရိုးရာ လက်ရက်ကန်း၊ ထုကြာန့်သိမ်တော် ပုံတူတို့ကို လည်းကောင်း၊ ဗမာရွာ၌ ပြသထားသည့် ရိုးရာနေအိမ်၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းနှင့် ရိုးရာယဉ်ကျေးမှု အကတို့ကို လည်းကောင်း၊ မွန်ရွာရှိ ရိုးရာနေအိမ်၊ မွန်ရိုးရာအကနှင့် ကျိုက်ထီးရိုးစေတီတော် ပုံတူတို့ကို လည်းကောင်း၊ ကရင်ရွာရှိ ရိုးရာနေအိမ်၊ ကရင်ဒုံးယိမ်းအကနှင့် ရိုးရာဖားစည်တို့ကို လည်းကောင်း၊ ချင်းရွာရှိ ရိုးရာနေအိမ်၊ ချင်းရိုးရာအကနှင့် ရိဒ်ရေအိုင်ပုံတူတို့ကို လည်းကောင်း၊ ကချင်ရွာရှိ ရိုးရာနေအိမ်၊ ကချင်မနောအကနှင့် ခါကာဘိုရာဇီတောင် ပုံတူတို့ကိုလည်းကောင်း၊ ရှမ်းရွာရှိ ရိုးရာနေအိမ်၊ အင်းလေးကန်ပုံတူနှင့် ကန်အတွင်း၌ ခြေတစ်ဖက်ဖြင့် ရိုးရာလှေလှော်ခတ်မှုကို လည်းကောင်း၊ ကယားရွာ၌ ရိုးရာနေအိမ်၊ တောင်ကွဲစေတီနှင့် ငွေတောင်ဆည် ပုံတူများကို လည်းကောင်း ကြည့်ရှုလေ့လာကြပြီး မော်တော်ယာဉ်ဖြင့် လှည့်လည်၍ ဒီရေရောက်လမုတောကို ကြည့်ရှုကြပြီး နံနက် ၁၁ နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဝိဇာတမင်္ဂလာနှင့် ရေစက်ချအခမ်းအနား ကျင်းပမည်

ရန်ကုန် မတ် ၅

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် သစ်တောပေါက်ကျေးရွာအုပ်စု သစ်တောပေါက်တောင်ရွာ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက (တိုင်းသံဃာ့ဝန်ဆောင်)၏ (၇၈)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် တံတိုင်း၊ မုခ်ဦးရေစက်ချ မင်္ဂလာအခမ်းအနားကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၇ရက်နှင့် ၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ပင့်သံဃာတော်များ ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၇ရက် (မတ် ၁၆ရက်) တွင် တန့်ဆည်မြို့နယ် လမ်းဆုံသို့ အရောက် ကြွတော်မူရန် ဖိတ်ကြားထားကြောင်းသိရသည်။

(က–ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း အုတ်ဖိုမြို့နယ် အုတ်ဖို–တိမ်ညွန့်လမ်းရှိ သဖန်းပင်ဆိပ်တံတား ပြင်ဆင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သဖန်းပင်ဆိပ်တံတား ပြင်ဆင်တည်ဆောက်ပြီးစီးမှုစစ်ဆေး နွေစပါးလျာထားချက်နှင့်အညီ စိုက်ပျိုးရေး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန် မှာကြား

ရန်ကုန် မတ် ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ နံနက် ၉နာရီ ၁၅မိနစ်တွင် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း နယ်စပ် ရန်ကုန်–ပြည်လမ်း မိုင်တိုင် အမှတ်(၇၀/၆)ရှိ မီးနင်းချောင်း တံတားသို့ ရောက်ရှိကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုလိုက်ပါလျက် နံနက် ၉နာရီခွဲတွင် သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)၏ သုံးဆယ် ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သာယာဝတီခရိုင် မန်နေဂျာ ဦးရဲမြင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်တို့က ရှင်းလင်းတင်ပြကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပဲခူးတိုင်းအရှေ့ခြမ်း၌ နွေစပါးစိုက်ဧက တစ်သိန်းခွဲ၊ အနောက်ခြမ်း၌ ဧကတစ်သိန်းခွဲ စုစုပေါင်း ပဲခူးတိုင်းအနေဖြင့် နွေစပါးစိုက်ဧက သုံးသိန်း စိုက်ပျိုးရန် လျာထားကြောင်း၊ ယခုအခါ ပဲခူးတိုင်းအရှေ့ခြမ်း၌ စိုက်ဧက ၁၄၀၀၀၀ကျော်နှင့် အနောက်ခြမ်း၌ စိုက်ဧက ၁၂၀၀၀၀ ကျော်စိုက်ပျိုးနိုင်ပြီး စိုက်ဧက သုံးသောင်းခွဲခန့် စိုက်ပျိုးရန် ကျန်ရှိနေသေးကြောင်း၊ မြေအနေအထားနှင့် ဆည်ရေရရှိမှုအနေအထားအရ ပဲခူးတိုင်း(အနောက်) အနေဖြင့် တစ်တိုင်းလုံးအတွက် စိုက်ပျိုးရန် ကျန်ရှိသည့် စိုက်ဧကများကို ရာသီကုန်တွင် အပြည့်အဝ စိုက်ပျိုးရေးနှင့် သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့၌ လျာထားချက်ထက် ဧက ၅၀၀၀ စီ စုစုပေါင်းဧက ၁၀၀၀၀ပိုမိုစိုက်ပျိုးရေး တာဝန်ရှိသူများအား ဆွေးနွေးညှိနှိုင်း မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းအုပ်စု တောင်သူပညာပေးသင်တန်းစခန်းရှေ့ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လက်ပံတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းက နွေစပါးစိုက်ပျိုးမှုအခြေအနေနှင့် တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားပြောကြားကာ တောင်သူဦးနိုင်ဝင်း၏ စံပြစိုက်ခင်း ခုနစ်ဧက၌ သဘာဝမြေဩဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် လက်ပံတန်းမြို့နယ် မကြီးကွင်းစခန်းရှိ ကံတင်ဘီးလင်း ရေလှောင်တမံ၊ လက်ဝဲမြောင်းမကြီး ကားလမ်းဖြတ် ရေဒုတ်ပြွန်တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က ကံတင်ဘီးလင်းရေလှောင်တမံ လက်ဝဲမြောင်းမကြီးဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့် နွေစပါးစိုက်ပျိုးရေးအတွက် ဆည်ရေသောက် ဧရိယာများသို့ ရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကားလမ်းဖြတ် ရေဒုတ်ပြွန်နှင့် လက်ဝဲမြောင်းမကြီးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် အုတ်ဖိုမြို့နယ် အုတ်ဖို–တိမ်ညွန့်လမ်းရှိ သဖန်းပင်ဆိပ်တံတားသို့ ရောက်ရှိကြရာတာဝန်ရှိသူများက တံတားပြင်ဆင် တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် အုတ်ဖို–တိမ်ညွန့်လမ်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လမ်းနှင့် တံတား အရှည်တည်တံ့ခိုင်မြဲရေးနှင့် ရာသီမရွေးသွားလာနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က အမြဲမပြတ်ကြပ်မတ် ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ ကျေးရွာ ပြည်သူများကလည်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းကော်မတီဖွဲ့စည်း၍ ကျောက်ချောလမ်းဖြစ်သည်အထိ တိုးချဲ့ ဆောင်ရွက်ကြရန်နှင့် ကျေးရွာနေ ပြည်သူများသွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် ယာဉ်လိုင်း စီစဉ်ဆောင်ရွက် ပြေးဆွဲရန် တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် အုတ်ဖိုမြို့နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်း ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိသားစုဝင်ငွေ တိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ကြရေး မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် နတ်တလင်းမြို့နယ် နွေစပါးဧက ၇၀၀၀ကျော် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် စံပြစိုက်ခင်း ကွင်းအမှတ်(၂၅၉) ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်က သီးနှံများစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ကြိုးစားစိုက်ပျိုး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နွေစပါး လျာထားချက်နှင့်အညီ စိုက်ပျိုးရန်ကျန်ရှိသော လယ်မြေများကို အချိန် နှင့်တစ်ပြေးညီ ကြိုးစားဆောင်ရွက် စိုက်ပျိုးကြရန် တာဝန်ရှိသူများအား မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျေးလက်နေ ပြည်သူများ လူမှုရေး၊ စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်၏ အစီအမံများနှင့်အညီ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုံ့လဝီရိယရှိစွာဖြင့် ယခုထက် ပိုမိုကြိုးစား စိုက်ပျိုးကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်– ပြည်လမ်း ဝဲ၊ ယာ တစ်လျှောက်ရှိ စိုက်ပျိုးဖြစ်ထွန်းနေသော နွေစပါးခင်းများနှင့် ပျိုးထောင်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ ဗဟန်း(၂)လမ်းနှင့် ကမ္ဘာအေးစေတီ လမ်းထောင့်ရှိ ရှေ့နေချုပ်ရုံး ဓမ္မာရုံတွင် အသက်ခြောက်နှစ်မှ (၁၂)နှစ်အရွယ် ကလေးများအတွက် စတုတ္ထအကြိမ်မြောက် အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို မတ် ၂၁ ရက်မှ ဧပြီ ၇ ရက်အထိ ၁၆ ရက် ဓမ္မဒါနအဖြစ် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စာရင်းပေးသွင်းလိုသော မိဘ၊ အုပ်ထိန်းသူများသည် ရှေ့နေချုပ်ရုံး ဓမ္မာရုံ၌ မတ် ၁၂ ရက်၊ မတ် ၁၃ ရက်နှင့် မတ် ၁၉ ရက်များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃နာရီအထိ စာရင်းပေးသွင်းနိုင်သည်။ (က–ပ)

မြို့တော် သန့်ရှင်းသာယာရေးဆောင်ရွက်မှုများ တိုင်းမှူးနှင့် မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းနှင့် မောင်းမကန်ကမ်းသာလမ်း လမ်းဆုံသို့ရောက်ရှိလာပြီး အမှတ်(၂) လမ်းနှင့် ပင်လုံလမ်းတို့ကို ဆက်သွယ်ထားသည့် မောင်းမကန်ကမ်းသာလမ်းကို မြေသားလမ်း ခင်းကျင်း ပြီးစီးမှု၊ ကျောက်သားလမ်းပေ ၂၁၀၀ ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းခြင်း လုပ်ငန်းများ၊ မောင်းမကန်ကမ်းသာလမ်းပေါ်ရှိ အရှည် ပေ ၆၀၊ အကျယ် ပေ ၃၀ ရှိ တိုးကြောင်ကလေး ချောင်းဖြတ် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းတစ်လျှောက်နှင့် လမ်းသွယ်များရှိ လမ်းဘေး ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ၊ တာမွေမြို့နယ် ဗညားဒလလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းခြင်းလုပ်ငန်းများနှင့် လမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ၊ မအူကုန်းလမ်းကျယ်နှင့် ဗညားဒလလမ်းထောင့်ရှိ လမ်းဘေး ရေနုတ်မြောင်းနှင့် ဖို့မြေလမ်း ရေနုတ်မြောင်းမကြီးတစ်လျှောက် စက်ယန္တရားဖြင့် အမှိုက်၊ ရွှံ့နှင့်နုန်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြို့တော်စည်ပင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဗညားဒလလမ်းမကြီး နိုင်လွန်ကတ္တရာခင်းကျင်းနေမှုကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဌာနမှူး ဦးဗိုလ်ငွေးက ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။

(၁၉)

တရုတ်နိုင်ငံဈေးကွက်တွင် ကင်ဆာဖြစ်စေသောပစ္စည်းများပါသည့် အစားအသောက်များ ရောင်းချခွင့်ပိတ်ပင်

ပေကျင်း မတ် ၃

ဗြိတိန်နိုင်ငံတွင် အစားအစာများ၌ ကင်ဆာရောဂါဖြစ်စေသော ဆိုးဆေးများပါဝင်နေလျှင် ပိတ်ပင်မည်ဖြစ်ကြောင်း အစိုးရက မကြာသေးမီအချိန်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက် ထွက်ပေါ်လာပြီးနောက်ပိုင်း၌ တရုတ်နိုင်ငံကလည်း ဆူဒန်ဝမ်းဆိုးဆေး အသုံးပြုထားသော အစားအစာများကို ပိတ်ပင်မည်ဖြစ်ကြောင်း တရုတ်နေ့စဉ်သတင်းစာတွင် ရေးသားဖော်ပြသည်။

ဆူဒန်ဝမ်းဆိုးဆေးသည် ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာများက ထုတ်ဖော်သတိပေးခဲ့ကြသည်။ တရုတ်နိုင်ငံရှိ ပြည်သူ့အစားအစာများကို လုံခြုံစိတ်ချရမှုရှိ၊ မရှိ စောင့်ကြည့်နေသောအဖွဲ့က ဖော်ပြပါ ဆိုးဆေးပါဝင်သည့် ပြည်ပမှ တင်သွင်းလာသော အစားအသောက်များကိုလည်း တစ်ဆက်တည်း ပိတ်ပင်သွားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သည်။ ပိတ်ပင်မည့် အစားအစာများထဲတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းလာသော အစားအသောက်များပါဝင်ကြောင်းသိရသည်။

ပြည်သူ့အစားအစာ ဘေးကင်းလုံခြုံရေး စောင့်ကြည့်ရေးအဖွဲ့သည် ပြီးခဲ့သော အင်္ဂါနေ့တွင် အန္တရာယ်ရှိနိုင်သော အစားအစာ ၄၂၈ မျိုး စာရင်းကို ထုတ်ပြန်ပေးလိုက်သည်။ ထိုစာရင်းတွင် အချဉ်ရည်များ၊ ပိုင်အမျိုးအစားမုန့်များမှသည် ဟိန်းစ်နှင့် ယူနီလီဗားကုမ္ပဏီတို့က ထုတ်လုပ်သည့် အစားအစာများအထိ ပါဝင်သည်ဟုဆိုသည်။ ဘေးအန္တရာယ်ရှိသော ပစ္စည်းများစာရင်းကို ဂြိုဟ်တုဝက်ဘ်ဆိုက်တွင် ထုတ်လွှင့်ပေးထားသည်။ ပြည်တွင်းအစားအသောက်ထုတ်လုပ်သောလုပ်ငန်းများ၌လည်းဘေးအန္တရာယ်မကင်းသော ဆိုးဆေးများကို ထည့်သွင်းထုတ်လုပ်ခြင်းမပြုစေရေး ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များက ကြပ်မတ်ဆောင်ရွက်သွားကြရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်းလည်း သိရသည်။ တရုတ်နိုင်ငံတွင် ဆူဒန်ဝမ်း ဆိုးဆေးကို အန္တရာယ်ရှိသော ပစ္စည်းဖြစ်သောကြောင့် ပိတ်ပင်တားဆီးမိန့် ထုတ်ထားခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လုံခြုံရေးစောင့်ကြပ်

မိုဆူးလ်မြို့၏ အိမ်ခေါင်မိုးတစ်ခုပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေသည်ကို မတ် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်္ဂလန်တွင် ရာသီဥတုဆိုးရွား၊ အသွားအလာ အဆက်အသွယ်များ ပြတ်တောက်

လန်ဒန် မတ် ၅

အင်္ဂလန်တောင်ပိုင်းတွင် ယခုဆောင်းရာသီ၌ ရာသီဥတုဆိုးရွားသည့်အတွက် နှင်းထူထဲစွာကျရောက်ပြီး အခက်အခဲများ ဖြစ်ပေါ်လာသည်ကို ကူညီဖြေရှင်းပေးရန်အတွက် ဗြိတိသျှစစ်တပ်ကို ပြီးခဲ့သော ဗုဒ္ဓဟူးနေ့မှစ၍ ဆင့်ခေါ်ခဲ့ရကြောင်း သတင်းများထွက်ပေါ်လာသည်။

အသင့်ပြင်ဆင်

တပ်ဖွဲ့များသည် ကျန်းမာရေးဝန်ကြီးဌာနကို အကူအညီပေးလျက်ရှိပြီး ရဲတပ်ဖွဲ့ဆိုင်ရာများအတွက် အကူအညီလိုအပ်လျှင် ဆောင်ရွက်နိုင်ရန်လည်း အသင့်ပြင်ဆင်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဖျက်သိမ်း

နှင်းများထူထပ်စွာ ကျရောက်သဖြင့် ကားလမ်းများနှင့် ရထားလမ်းတွင် ပြေးဆွဲနေသော အစီအစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

ရာသီဥတု အလွန်အေးပြီး နှင်းများထူထပ်စွာ ကျရောက်လာသည့်အတွက် ကင့်နှင့်စက်စ်စက်ပ် ဒေသများရှိ ကျောင်းပေါင်း ၃၀၀ ကျော်တို့ကို ပိတ်ထားလိုက်ရသည်။

အရှေ့တောင်ပိုင်း ရထားလမ်းမှာလည်း ရာသီဥတုဆိုးရွားမှုကြောင့် သွားလာပို့ဆောင်ရေး လုပ်ငန်းများတွင် အနှောင့်အယှက် အခက်အခဲများစွာနှင့် ကြုံတွေ့ရကြောင်း သက်ဆိုင်ရာတို့မှ ပြောကြားကြသည်။

အကြောင်းကြား

ဗြိတိန်နိုင်ငံ၏ ရာသီဥတုဆိုးရွားလျက်ရှိသော အရပ်ဒေသများတွင် နေထိုင်ကြသူများအနေဖြင့် မလိုအပ်ဘဲနှင့် အိမ်အပြင်သို့ မထွက်ကြရန်နှင့် ခရီးသွားလာရန်ရှိသော အစီအစဉ်အားလုံးတို့ကို မတ် ၄ ရက်အထိ ဆိုင်းထားကြရန် မိုးလေဝသဌာနက ကြိုတင်အကြောင်းကြားထားသည်။

ကျဆင်း

စကော့တလန်ဒေသ၊ နိုင်ငံ၏ အလယ်ပိုင်းဒေသများ၊ ဝေလနယ် အနောက်တောင်ပိုင်းဒေသ၊ အရှေ့မြောက်ပိုင်းဒေသနှင့် အရှေ့အန်္ဂလီရာဒေသတို့၏ အချို့သော နယ်မြေများတွင်လည်း ရာသီဥတုဆိုးရွားပြီး နှင်းများထူထပ်စွာ ကျဆင်းခဲ့ကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အရှေ့အာဖရိကတွင် ရေနံရှင်းနီးမြှုပ်နှံမှု မြင့်တက်

ကမ်ပါလာ မတ် ၅

အရှေ့အာဖရိကတွင် ရေနံရှင်းနီး မြှုပ်နှံမှုများမှာ လွန်ခဲ့သည့် နှစ်နှစ်တာကာလတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ခဲ့ကြောင်း မီဒီယာသတင်းဌာနများက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ခွင့်ပြုမိန့် ရထားပြီးဖြစ်သောနေရာသစ်များတွင် ဆက်လက်ရှင်းနီးမြှုပ်နှံခွင့်ရထားပြီးဖြစ်ကြောင်း မကြာမီက ကျင်းပခဲ့သော ပဉ္စမအကြိမ် အရှေ့အာဖရိက ရေနံကွန်ဖရင့်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ယူဂန္ဓာနိုင်ငံတွင် ဒေါ်လာ ၃၁ သန်း၊ ကင်ညာနိုင်ငံတွင် ဒေါ်လာ ၁၀ သန်းနှင့် တန်ဇန်းနီးယား နိုင်ငံတွင် ဒေါ်လာသန်း ၆၀ အသီးသီး သုံးစွဲခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နှစ်သိမ့်

ဟီလာမြို့ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိကာ ဆေးရုံပေါ်ရောက်နေသော သားဖြစ်သူအား နှစ်သိမ့်နေသည့် အီရတ်ဖခင်တစ်ဦးကို မတ် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယခုနှစ် ဂျာမနီဆောင်းရာသီတွင် အအေးလျော့နည်း

ဘာလင် မတ် ၄

ဂျာမနီနိုင်ငံ၏ ယခုနှစ် ဆောင်းရာသီသည် ပုံမှန်ဆောင်းရာသီများထက် ပိုမိုနွေးထွေးလာကြောင်း ဂျာမနီနိုင်ငံ၏ အမျိုးသားမိုးလေဝသဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည်။

ပိုမိုပူနွေး

ဂျာမနီနိုင်ငံ၏ ဆောင်းရာသီရှိ ပျမ်းမျှအပူချိန်သည် ၀ ဒသမ ၂ ဒီဂရီရှိရာမှ ၂၀၀၄–၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလတွင် ပျမ်းမျှအပူချိန် ၀ ဒသမ ၇ ဒီဂရီ စင်တီဂရိတ်ဖြစ်လာကြောင်း ပုံမှန်ထက် ပိုမိုပူနွေးနေသည်ဟု ဂျာမနီ မိုးလေဝသဌာနက ပြောကြားသည်။

ကျဆင်း

တစ်နိုင်ငံလုံး၏ ပျမ်းမျှအပူချိန်သည် ပုံမှန်ထက် ပူနွေးနေသည်ဆိုသော်လည်း နိုင်ငံ၏ အချို့နေရာများတွင် အပူချိန်သည် ရေခဲအမှတ်အောက် ၂၉ ဒီဂရီဆယ်လ်စီးရပ်အထိ ကျဆင်းသည့် နေရာများလည်းရှိနေကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ယူကရိန်းနိုင်ငံတွင် ယူရေနီယမ်ဓာတ်ကြွပစ္စည်းသယ်ဆောင်လာသူအား ဖမ်းဆီးရမိ

ကီးရက်ဗ် မတ် ၅

ယူကရိန်းလုံခြုံရေးအဖွဲ့ (အက်စ်ဘီယူ)သည် ကီးရက်ဗ်မြို့တွင် ယူရေနီယမ်–၂၃၈ ဓာတ်ကြွပစ္စည်းများကို ကားအတွင်း သယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးလိုက်ရသည်ဟု သက်ဆိုင်ရာအရာရှိများက မတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ပို့ကုန်ကို ယူကရိန်းနိုင်ငံ၏ အဓိကတံခါးပေါက်ဖြစ်သော ဘိုရူစပေးနိုင်ငံတကာလေဆိပ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ယူရေနီယမ် အဏုမြူဓာတ်ကြွပစ္စည်း ၅၈၂ ဂရမ် သယ်ဆောင်လာကြောင်း သိရသည်။ ထိုသတင်းတွင် မည်သည့်အချိန်က ဖမ်းဆီးမှုကိုပြုလုပ်သည်။ အဖမ်းခံရသူက နိုင်ငံပြင်ပသို့ ထွက်ခွာသွားရန် ကြိုးစားခြင်းရှိ၊ မရှိဆိုသော အချက်အလက်ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားခြင်းမရှိဟု ဆိုသည်။

အဖမ်းခံရသူသည် ယူရေနီယမ်များ ထည့်လာသောသေတ္တာကို ရွှေ့ပြောင်းရန်ကြိုးစားစဉ် အဖမ်းခံရခြင်းဖြစ်ပြီး ဖမ်းဆီးထားသော ပစ္စည်းများကို ယခုအခါတွင် အရေးပေါ်လုပ်ငန်းများဆိုင်ရာဝန်ကြီးဌာနမှ ကျွမ်းကျင်သူများက သိမ်းဆည်းထားကြသည်။ အဆိုပါပုဂ္ဂိုလ်နှင့် ပါလာသောပစ္စည်းများမှာ လောင်စာအဖြစ် သုံးစွဲပြီးသား ယူရေနီယမ် အမျိုးအစားများသာဖြစ်သည်။ အဏုမြူလုပ်ငန်း သီအိုရီအရ ထိုပစ္စည်းများကို အဏုမြူဗုံးလုပ်ရာ၌ မသုံးနိုင်ဘဲ ဒတ်တီးဗုံးခေါ် အဏုမြူဓာတ်ရောင်ခြည်သင့်စေသော ဗုံးအမျိုးအစားပြုလုပ်ရာ၌သာ သုံးစွဲနိုင်ကြောင်း သိရသည်

အသုံးပြု

ထို့အပြင် ထိုစွန့်ပစ်အဏုမြူပစ္စည်းမှာ သိပ်သည်းဆများသည့်အတွက် ကျည်ဆန်များပြုလုပ်ရန်နှင့် သံချပ်ကာဖောက် ခဲယမ်းများပြုလုပ်ရာတွင်လည်း အသုံးပြုကြကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲ နှစ်နှစ်နီးပါးအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ အထိ သေဆုံးခဲ့

ဝါရှင်တန် မတ် ၅

နှစ်နှစ်နီးပါး ကြာမြင့်ခဲ့သည့် အီရတ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသူဦးရေသည် ကြာသပတေးနေ့အထိ ၁၅၀၀ ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်၏ ကြေညာချက်အရ သိရှိရသည်။

—— ကြေညာခဲ့ ——

အီရတ်နိုင်ငံ ဘာဘီပြည်နယ်တွင် အမေရိကန်တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဘဂ္ဂဒက်မြို့လယ်ပိုင်းတွင် တပ်ဖွဲ့ဝင်နှစ်ဦး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်ဟု အီရတ်ရှိ အမေရိကန်စစ်ဘက်က ကြေညာခဲ့သည်။ ယင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ကာကွယ်ရေးဌာနမှ အရပ်သားများ အပါအဝင် သေဆုံးသူဦးရေ ၁၅၀၂ ဦးထက်မနည်း ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာခဲ့သည်။

—— လျော့နည်း ——

အမေရိကန်စစ်ဌာနချုပ်၏ သေဆုံးသူဦးရေသည် ကြာသပတေးနေ့အထိ တရားဝင် ၁၄၉၄ ဦးရှိသွားပြီဖြစ်ပြီး ရုံဖန်ရံခါ ယင်းစာရင်းသည် သေဆုံးသူစာရင်းအောက် လျော့နည်းလျက်ရှိနေသည်။

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုနှုန်းသည် လျော့ကျသွားသည်။ အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် အီရတ်အစိုးရအား ပြောက်ကျားစစ် ဆင်နွှဲမှုအခြေအနေသည် နည်းပါးလာနေပြီဟု ယုံကြည်ကြောင်း အမေရိကန် တပ်မှူးများက ပြောကြားသည်။

—— သေဆုံး ——

အမှန်မှာ ဖေဖော်ဝါရီလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၅၈ ဦးသေဆုံးမှုနှုန်းသည် ၂၀၀၄ ခုနှစ် ဇူလိုင်လနောက်ပိုင်းတွင် အနည်းဆုံးဦးရေပင်ဖြစ်သည်။ နိုဝင်ဘာလတွင် ဖလူဂျာမြို့အား အမေရိကန်က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ၁၃၇ ဦးသေဆုံးခဲ့ပြီး ဒီဇင်ဘာလတွင် တပ်ဖွဲ့ဝင် ၇၂ ဦးနှင့် ဇန်နဝါရီလတွင် သေဆုံးသူ ၁၀၇ ဦးအထိ ရှိခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀၀၀ ကို အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၅၀၀ ကျော်သည် တိုက်ခိုက်မှုနှင့် တိုက်ခိုက်မှုမဟုတ်သော အခြားမတော်တဆမှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

မျက်စိကိုဖွင့် နားကိုစွင့်၍ ဉာဏ်ဖြင့်ကွပ်ကဲ သတိမြဲပါစေ

ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)

ယခုအခါတွင် ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအဖြစ် တင်စားပြောဆိုနိုင်လောက်အောင် ဒေသတစ်ခုနှင့် တစ်ခု အဆက်အသွယ် အသွားအလာ အဆက်အဆံများလာကြပြီ။ မိမိတို့ မြန်မာနိုင်ငံသာမက တစ်သီးတခြားနေကျင့်ရှိခဲ့သော နိုင်ငံကြီးများမှာပင် သဘာဝမတူသော နိုင်ငံများနှင့် ဆက်ဆံမှုများ တွင်ကျယ်နေကြသည်ကို သိမြင်ဖတ်ရှုရသည်။

မြန်မာတို့သဘာဝမှာ ဖော်ရွေခင်မင်တတ်သည့်တိုင် သိုသိုသိပ်သိပ်နေတတ်သည်။ အကျိုးလို၍ ဧည့်ရေလောင်းလိုသည့် စိတ်မရှိသော်လည်း မိမိတို့ဒေသကို လာရောက်ကြသူများကို ဖော်ရွေတတ်ကြသည်။ ကောင်းစွာဧည့်ခံလေ့ရှိသည်။ ထိုသဘာဝနှင့်ပတ်သက်၍လည်း ခေတ်အဆက်ဆက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် တိုင်းတစ်ပါးသားတို့၏ မှတ်တမ်းမှတ်ရာများတွင် ထူးထူးခြားခြား မှတ်တမ်းတင်ခြင်းကို ခံယူခဲ့ကြရသည်။

စာရေးသူပညာသင်ဘဝက တွေ့ဆုံခဲ့သော သူငယ်ချင်းတစ်ယောက်က မြန်မာပြည်သို့ လာရောက်လည်ပတ်မည်ဟု ပြောခဲ့သည်။ စာရေးသူက ဘာဖြစ်လို့ မြန်မာပြည်ကို လာလည်ချင်တာလဲဟု မေးလိုက်ပါသည်။ နောက်ဆုံးစာမေးပွဲပြီးသည့်နောက် မိမိတို့နိုင်ငံကို မိမိတို့ပြန်ရတော့မည့်ဆဲဆဲတွင် ခင်မင်ရင်းနှီးသည့် သူငယ်ချင်းတစ်ဦးနှင့်တစ်ဦး ခွန်းချိုသံသာနှုတ်ဆက်ကာ အလွမ်းသယ်ရင်း စကားပြောနေကြခြင်းဖြစ်ပါသည်။

သူငယ်ချင်းက "ရှေးဟောင်းဗိသုကာလက်ရာများနှင့် ဂုဏ်ယူဖွယ်ရာကောင်းသည့်နိုင်ငံ၊ လှပသည့်ရှုခင်းများနှင့် သာယာသည့်နိုင်ငံ၊ စားကောင်းသောက်ဖွယ်တွေ ပေါတဲ့နိုင်ငံ၊ နောက်ဆုံးစကားပြောရရင် နှင့်လို ယဉ်ကျေးမှုကို ကောင်းစွာစောင့်ရှောက်တတ်တဲ့ မိန်းကလေးတစ်ယောက် မွေးဖွားလာသည့်နိုင်ငံကို ငါမကြိုက်ဘဲ မနေပါဘူး"

"ပြီးတော့သူငယ်ချင်းရယ်၊ ဖွံ့ဖြိုးတိုးတက်အောင်ဆိုတာ ကြိုးစားရင်ရပါတယ်။ အရေးကြီးတာက ကိုယ့်အစဉ်အလာ၊ ကိုယ့်ကိုယ်ပိုင်သဘာဝနဲ့ ကိုယ့်ယဉ်ကျေးမှုကို ထိန်းနိုင်တဲ့ သတ္တိရှိဖို့ပါပဲ"ဟု ပြောပါသည်။ စာရေးသူနှင့် ထိုသူငယ်ချင်းသည် ပါရဂူဘွဲ့ယူခဲ့သည့်သူများဖြစ်သဖြင့် စာလည်းများစွာဖတ်ဖြစ်ကာ တစ်ဦးနှင့်တစ်ဦးလည်း ဆွေးဆွေးနွေးနွေး စကားပြောခဲ့သည်မှာ အကြိမ်ကြိမ်ရှိပြီဖြစ်သဖြင့် သူကလည်း စာရေးသူ၏ စကားကို အလေးထားသလို စာရေးသူကလည်း သူ့စကားကို အလေးထားပါသည်။

စာရေးသူ စာများရေးသည့်အချိန်တွင် လူငယ်လူရွယ်များထံသို့ ဦးတည်သော စေတနာ မေတ္တာပို့လွှတ်ကာ ရေးတတ်ပါသည်။ စာရေးသူ၏ အယူအဆများကို သူတို့လက်ခံသည်-လက်မခံသည် အသာထား၍ တွေးတောမိလျှင်ပင်တော်လှပြီဟု ယူဆခဲ့ပါသည်။ လွန်ခဲ့သည့် ၃၄ နှစ်ခန့်က သူငယ်ချင်းနှင့် ပြောဖြစ်သော စကားကို ပြန်၍တင်ပြရသည်မှာ ဆောင်းပါးအစတွင် **ကမ္ဘာကြီးတစ်ခုလုံးသည် ရွာကြီးတစ်ရွာဟု ဆိုရမည့် အနေသို့ရောက်လာပြီဖြစ်သဖြင့် အဝင်အထွက် အဆက်အဆံများလာသည်ကို မငြင်းဆန်နိုင်၊ မငြင်းဆန်သင့်သဖြင့် မြန်မာနိုင်ငံတွင် လူအဝင်အထွက်ကလည်း များလာပြီ။ ရိုးသားစွာလာရောက် လည်ပတ်လိုသောသူများ၊ ရိုးသားစွာအကျိုးတူစီးပွားရေး ပူးပေါင်းလုပ်ဆောင်လိုသူများလည်း များလာမည်ဖြစ်သည်။ ထိုသို့လူဝင်လူထွက်များလာသဖြင့် မိမိတို့နိုင်ငံ ကောင်းမွန်တိုးတက်လာမည်။ စည်ပင်ကြွယ်ဝလာမည်။ သို့သော်လူလူချင်း အပြန်အလှန်လေးစားတတ်သော၊ အချင်းချင်းတို့၏အကြားတွင် မရှိ-ရှိသည်တို့ကို ဝေမျှသုံးစွဲတတ်သော၊ ဝံသာနုရက္ခိတတရားကို စောင့်ထိန်းတတ်သော အင်မတန်လှပသည့် ကိုယ်ပိုင်အစဉ်အလာများ ပျက်ယွင်းမသွားအောင် သတိထားစေချင်၍ ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။**

ပြည်ပမှလာသောသူများနှင့် ပေါင်းသင်းဆက်ဆံရာတွင် အပြန်အလှန်အကျိုးစီးပွားကို ပေးကြရမည်။ အကျိုးတူပူးပေါင်းရာတွင်လည်း ရိုးသားရမည်၊ သစ္စာရှိရမည်၊ တစ်ဦး၏အစဉ်အလာကို တစ်ဦးက မထိပါးဘဲ ခင်မင်စွာနေတတ်ရမည်။ မြန်မာများသည် တင်ပြခဲ့သည့်အတိုင်း ဧည့်သည်လာလျှင် ဖော်ရွေတတ်ကာ တစ်ဖက်သားက မည်သို့အမြတ်ထုတ်သွားမည်ကို မသိနိုင်လောက်အောင် ရိုးသားသော၊ အမြင်မကျယ်သေးသောသူ အရေအတွက်များသည်။

ထိုကဲ့သို့ မသိနားမလည်ခြင်းဟူသော ပိုးအိမ်ချည်အိမ်မှ မိမိတို့ဘာသာထိုးထွင်းဖောက်ထွက်မှုမပြုမိ၍ ပျက်စီးသွားသော ပိုးတုံးလုံးကဲ့သို့ အကောင်မပေါက်ဘဲနေတော့မည်ကို စိုးရိမ်ရသည်။ **ကမ္ဘာ့နိုင်ငံများနှင့် ပေါင်းသင်းကာ ကမ္ဘာတွင် မည်သည့်ဘက်တွင် မည်မျှတိုးတက်နေသည်ကို သိနားလည်ရပါမည်။ ထိုသို့ အမှန်တကယ် တတ်မြောက်လိုသော၊ သိနားလည်လိုသော၊ အတတ်ပညာတွင် ကျွမ်းကျင်လိုသော၊ အတတ်ပညာ၏ နယ်နိမိတ်ကိုချဲ့ထွင်လိုသော သူများသည် မျက်စိကိုကျယ်ကျယ်ဖွင့်ကာ နားကိုကျယ်ကျယ် စွင့်ထားရန်လိုအပ်ပါသည်။** စာရေးသူဆိုလိုသော မျက်စိနှင့်နားသည် ရုပ်ပိုင်းဆိုင်ရာမျက်စိနှင့်နားသာမက စိတ်ပိုင်းဆိုင်ရာ မျက်စိနှင့်နားကိုပါ ဆိုလိုခြင်းဖြစ်ပါသည်။

မိမိတို့ကို ကျောင်းမှသင်ပေးလိုက်သော စာများကိုကျေညက်စွာ ကျက်မှတ်ဖြေဆိုပြီးလျှင် လူ့လောကတွင် ထပ်မံဖြည့်ဆည်းစရာ မလိုလောက်အောင် တတ်ပြီဟု ယူဆသူများလည်း ရှိနေတတ်သေးသည်။ အဆိုပါ လူများထဲမှ စာရေးသူ တွေ့ဖူးသူတစ်ယောက်သည် အဆင့်မြင့်ဘွဲ့ရပြီးပြီဖြစ်၍ ဘာမျှလုပ်စရာ မလိုတော့ဘူးဟု နှုတ်မှ ထုတ်ဖော်ပြောနိုင်လောက်အောင် မျက်စိမပွင့်သေးသောသူဖြစ်သည်။ ထိုကဲ့သို့သောသူများသည် သတင်းစာကို ဖတ်မည်မဟုတ်ပါ။ ဖတ်မိလျှင် သဘောထားပြောင်းလဲကောင်း ပြောင်းလဲလာပါလိမ့်မည်။

စာရေးသူဆိုလိုသည်မှာ မိမိတို့ ယနေ့တတ်မြောက်သော၊ ပိုင်နိုင်ကျွမ်းကျင်သော ပညာရပ်များ၊ အသိပညာများသည် မနက်ဖြန်တွင် တိုးတက်လာမည့် ပညာရပ်များထက် ခေတ်တစ်ခေတ်စာ နောက်ကျသွားနိုင်သည်။ အခြားသောနိုင်ငံများနှင့်ကား ပြောစရာမလိုလောက်အောင် နောက်ကျနေနိုင်သည်။ ထိုသို့ပြောသဖြင့် စိတ်ပျက်စရာ ထိတ်လန့်စရာမလိုပါ။ အရေးကြီးသည်မှာ မိမိကိုယ်ကို မိမိသိလိုက်ပြီဆိုလျှင် ပြုပြင်ပြောင်းလဲ နိုင်တော့မည်ဖြစ်သည်။

ဤနေရာတွင် ကမ္ဘာအရပ်ရပ်မှ တသဲသဲ တဖွဲဖွဲရောက်လာသော အသိပညာများ၊ အယူအဆများ၊ အတွေးအခေါ်များ၊ အသိပညာ (Concepts) များကို နားလည်အောင် လေ့လာရပါမည်။ အသစ်အသစ်သော အသိပညာတိုးတက်မှုများကိုလည်း ကြားနာရပါမည်။ စာအုပ်စာတမ်းများကိုလည်း လေ့လာဖတ်ရှုရပါမည်။

ထိုနေရာတွင် တစ်ဖက်စွန်းရောက်နေသူများက စာအုပ်စာတမ်းအသစ်များ မရနိုင်သဖြင့် ခေတ်နောက်ကျသည်ဟု ပြောတတ်ကြပါသည်။ စာရေးသူသည် ပညာရေးတက္ကသိုလ်စာကြည့်တိုက်သို့ သွားလေ့ရှိရာ စာအုပ်သစ်များကို ရှာတွေ့ခဲ့ပါသည်။ မရှာဘဲနှင့် မရှိဟုမယူဆသင့်ပါ။ ထိုသို့ လူငယ်လူရွယ်များသည် ထက်သန်သော စိတ်ထားဖြင့် မျက်စိကိုဖွင့် နားကိုစွင့်ထားသည်ဆိုလျှင် သိစရာအကြောင်းအရာများ၊ နှစ်ခြိုက်စရာအကြောင်းအရာများ၊ ဆောင်စရာ၊ ရှောင်စရာများကို သိလာကြပါလိမ့်မည်။ ကမ္ဘာ့ပညာရေးသမိုင်း၊ ကမ္ဘာ့သိပ္ပံပညာတိုးတက်မှုသမိုင်းတွင်လည်း ဆင်းရဲမွဲတေလှသည့်သူများက သိပ္ပံပညာကို ဦးဆောင်တိုးတက်စေခဲ့သည်ကို စာအုပ်များတွင် ဖတ်ရပါသည်။

အကောင်းဆုံးသော စာအုပ်များကို ရနေသည့်တိုင် မဖတ်ရှုမလေ့လာပါက ရနိုင်သည့်စာအုပ်များကို စတင်ဖတ်ရှုကာ အသိဉာဏ်ပွင့်လန်းအောင် ကြိုးစားသူကသာ အသာစီးရသွားပါလိမ့်မည်။

အရေးကြီးသည်မှာ ဝင်လာသမျှ အသိပညာ၊ အတတ်ပညာ အယူအဆများကို အကုန်ယူရန် မဟုတ်ဆိုသည့် အသိရှိရန် လိုအပ်ပါသည်။ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ကွပ်ကဲကာ မည်သည့်အရာကိုယူမည်။ မည်သို့တိုးတက်အောင် ဆောင်ရွက်မည်။ မိမိတို့နိုင်ငံစရိုက်၊ မိမိတို့နိုင်ငံသဘာဝနှင့် ကိုက်ညီအောင် မည်သို့သော အနှစ်သာရကို ထည့်သွင်းမည်။ မည်သို့သော အသွင်သဏ္ဌာန်ကို ဖြစ်ထွန်းစေမည်ဟု စဉ်းစားဆုံးဖြတ်သင့်ပါသည်။ ကြိုးစားလုပ်ဆောင်နေသင့်ပါသည်။ ဉာဏ်ဖြင့်ကွပ်ကဲပါက အမှားနည်းမည်။ မှန်ရာကို ရွေးချယ်နိုင်မည်။ ပိုမိုတိုးတက်အောင်၊ အဆင်ချောအောင် ပြုပြင်နိုင်မည် ဖြစ်ပါသည်။

သတိမြဲပါစေဟု ပြောခြင်းသည် မြတ်စွာဘုရား၏ အရေးအကြီးဆုံးဆုံးမစကားကို တစ်ဆင့်လက်ဆောင် ပေးခြင်းဖြစ်ပါသည်။ ဉာဏ်ဖြင့် ကွပ်ကဲရာတွင် သတိမြဲသည်ဆိုပါက အားလွန်စရာ အကြောင်းမရှိတော့ပါ။ ခေတ်တိုင်းတွင် ထက်မြက်တက်ကြွသော လူငယ်များ များစွာပေါပေါက်လေ့ရှိပါသည်။ လူတိုင်း မိမိတို့ လုပ်ချင်ရာကို အပြည့်အဝ လုပ်နိုင်သည့်အဖြစ်နှင့် ကြုံသည်လည်း ရှိသည်။ လုပ်လည်းလုပ်သည်။ အောင်မြင်သည်ဟုလည်း ဆိုနိုင်သည်။ သို့သော် လုပ်လက်စကို လက်စမသတ်နိုင်သည်လည်းရှိသည်။ ထိုသို့ဖြစ်ရသည်မှာ ဉာဏ်မနည်းပါဘဲနှင့် ဉာဏ်ဖြင့် ကွပ်ကဲဖို့ သတိမထားမိသောကြောင့် အားလွန်သွားခြင်း၊ လေ့လော့ရင်း တက်ကျိုးရခြင်းများနှင့် ဥပမာပေး၍ရပါသည်။

လူတိုင်းတွင် လူဖြစ်ရကျိုးနပ်အောင် မိမိတို့၏ အင်အားကို အစွမ်းကုန်သုံးနိုင်ရန် လိုအပ်ပါသည်။ ထိုသို့ စွမ်းအားထုတ်ယူရာတွင် မိမိ၏ဉာဏ်ပါသော မျက်စိ၊ ဉာဏ်ပါသော နားများကိုဖွင့်ကာ ဖွင့်ကာ ပညာရှာနိုင်ရပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အားမလွန်စေရန်၊ လေ့လော့ရင်း တက်မကျိုးစေရန်၊ သတိမြဲမြဲရန် လိုအပ်သည့်အကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။ ။

စည်ပင်သာယာရေး လုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းတွင် ကျိုက်လတ်မြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော အရှည် ၁၁၇၅ပေ၊ အကျယ် ၁၈ပေရှိ မြို့အဝင်လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လမ်းအရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လမ်းပခုံးများနှင့် လမ်းဘေးရေမြောင်းများကိုပါ တစ်ပါတည်း ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖြည့်စွက်တင်ပြသည်။

ဝန်ကြီးက ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန်နှင့် ကျေးရွာချင်းဆက်လမ်းများတိုးချဲ့ဖောက်လုပ်ရေး၊ လမ်း/တံတားများ အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဘိုကလေးမြို့တွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁ ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ဒေးဒရဲမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့က မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန်မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးက မြို့နယ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုး ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ ရေပေးရေးအတွက် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း တူးဖော်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးလှသိန်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ) ဦးကျော်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြကြသည်။

ဝန်ကြီးက တွင်းတူးစက်ကြီးဖြင့် ရေတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးရေး၊ သောက်သုံးရေဖူလုံစွာ ရရှိရေး၊ ရေပေးမှုကို စနစ်ကျနစွာ စီမံဆောင်ရွက်ရေး မှာကြားသည်။

တူးဖော်ပြီးသော ၆လက်မ စက်ရေတွင်းသည် အနက်ပေ ၂၀၀ တွင် ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၅၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။ ကွမ်းခြံကုန်းမြို့သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စည်ပင်သာယာရေး ဦးစီးဌာနနှင့်မြို့မိမြို့ဖများ ပူးပေါင်း၍ အဆင့်လိုက် ဆောင်ရွက်လျက် ရှိသည်။ (သတင်းစဉ်)

တပ်မတော်နေ့ ဂုဏ်ပြု သွေးလှူဒါန်း

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၊ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး သုဓမ္မမဏိဇောတဓရ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) **(ယာပုံ)** စာပေဆုများနှင့် (လူမှုထူးချွန်-ပထမဆင့်) ရရှိသူသည် အမှတ် (၂) တပ်မတော်စစ်ဆေးရုံကြီးတွင် နှစ် (၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြု

သောအားဖြင့် မတ် ၃ ရက်က အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်းသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော်- "ဓိဗ္ဗလွှာသ(၁၂)ပါး"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ဒုတိယနှစ်-စီးပွားရေး) Financial Accounting (ဒုတိယနှစ်-အင်္ဂလိပ်စာ) Structure Study(1)**
၅:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၁၈)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၇။ **English Premier League ဘောလုံးပွဲ -Everton Vs Blackburn °°Rovers**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

❍ နိုင်ငံတော်မှ
မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊
၁၃။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊
၁၄။ မီးသတ်တပ်ဖွဲ့၊
၁၅။ အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ၊
၁၆။ ဝါဏိဇ္ဇပဋိပက္ခ၊
၁၇။ လူမှုဖူလုံရေး၊
၁၈။ အလုပ်သမားအဖွဲ့အစည်းများ၊
၁၉။ ပြည်ထောင်စုက စီမံခန့်ခွဲသည့်–
(က) ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ၊
(ခ) ပြတိုက်များ၊ စာကြည့်တိုက်များ၊
၂၀။ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို" နှင့်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–
"၁။ ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊
၂။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာမှတ်ပုံတင်ရေး၊
၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊
၄။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊
၅။ ကုန်တင်ကုန်ချလုပ်ငန်း၊

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က "ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အတွက်လည်းကောင်း၊ ကုန်ထုတ်စွမ်းအားစုများ ပိုမိုပေါ်ပေါက်လာစေရန် အတွက်လည်းကောင်း၊ ကုန်ထုတ်လုပ်ငန်းအပိုင်းတွင် ပို၍တိုးမြှင့် ထုတ်လုပ်နိုင်စေရန်အတွက်လည်းကောင်း၊ သွင်းကုန် ထုတ်ကုန်လုပ်ငန်းပိုင်းဆိုင်ရာတွင် လျင်မြန်ချောမွေ့ တိုးတက်နိုင်စေရန်အတွက်လည်းကောင်း၊ ပြည်ပသို့သွားရောက်ပြီး အောက်ကျနောက်ကျ အလုပ်လုပ်ကိုင်နေကြသူများအနေဖြင့် မိမိနိုင်ငံသို့ ပြန်လာနိုင်ကြစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ (Job Opportunities) ဘက်စုံပေါ်ပေါက်ပွင့်လန်းလာစေရန်လည်းကောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတော်ကစီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်များကိုဖန်တီးပေးနိုင်သည်နှင့်အမျှ အလုပ်လက်မဲ့များအနေဖြင့်လည်း လျော့နည်းပပျောက်သွားနိုင်မည်ဖြစ်၍ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း" အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ချမှတ်ပြီးဖြစ်သည့် အခြေခံရမည့်မူတွင် အလုပ်

အောက်ဖော်ပြပါအချက်(၅)ချက်ကို ထပ်မံဖြည့်စွက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

"(၁) သန့်ရှင်းသော အဆိပ်အတောက်ကင်းစင်သည့် ပတ်ဝန်းကျင် (Clean Environment)ကို ကာကွယ်ရေး၊
(၂) ကျန်းမာရေးဆိုင်ရာ အာမခံလုပ်ငန်း၊
(၃) မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး၊
(၄) အလုပ်သမားများ၏ လုပ်ငန်းခွင် ကျန်းမာရေးနှင့် အန္တရာယ်ကိစ္စရပ်များ ကင်းစေရေး၊
(၅) သဘာဝဘေးအန္တရာယ်နှင့် လူသားများ ဖန်တီးသော ဘေးအန္တရာယ်များ ကာကွယ်ရေး၊

လူမှုရေးကဏ္ဍတွင် မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးသည် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးအောင်တိုး၏ ရှင်းလင်းချက်၌ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြရန်မပါရှိဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိနေကြောင်း၊ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်သာ ထည့်သွင်းသင့်ပါကြောင်း။

မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးကိစ္စရပ်များသည် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့်မှသာ စာရင်းများပေးရခြင်း၊ ဆက်ဆံခြင်းများ ပြုလုပ်ရသဖြင့် ယင်းကိစ္စရပ်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း" အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် Treatment Plantများဆိုင်ရာ ကိစ္စရပ်များသည်

ဤအကြံပြုချက်နှင့် ပတ်သက်၍ သက်ဆိုင်သည့် ဥပဒေများ ပြဋ္ဌာန်းသောအခါ ယင်းအကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြန်ကြားအပ်ပါကြောင်း။

ထို့အပြင် 'မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး'ကိစ္စရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြမည့်အစား ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်သာ ဖော်ပြရန် အကြံပြုချက်သည် ချမှတ်ပြီးဖြစ်သော အခြေခံမူနှင့်လည်း ကိုက်ညီပြီး ကောင်းမွန်သင့်မြတ်သည့်အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်းကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က "နိုင်ငံတော်တွင် မီးဘေးအန္တရာယ်သာမက ရေဘေး၊ လေဘေး၊ ငလျင်ဘေးအစရှိသော သဘာဝ ဘေးအန္တရာယ်များ၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နိုင်ကြောင်း၊ ထိုကဲ့သို့သော အခါမျိုးတွင် လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပြီး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် အစီအမံများကို ဒေသအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြပါ အပိုဒ်(၄) 'မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး' စကားရပ်အစား 'မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး'ဟု ဖြည့်စွက်သင့်ပါကြောင်း" အကြံပြု တင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

တောင်သူလယ်သမားအဖွဲ့အစည်းနှင့် စပ်လျဉ်း၍ သီးခြားဥပဒေပြဋ္ဌာန်းရန်မလို

ဖွားသေ မှတ်ပုံတင်ရေးကိစ္စ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်သာ ဖော်ပြရန်အကြံပြုချက် ကောင်းမွန်သင့်မြတ်

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်–
(က) ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး၊
(ခ) ပြတိုက်နှင့် စာကြည့်တိုက်များ၊
၇။ ဓာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊
၈။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုစသည့်ပြပွဲများ"
ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့်–
– တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
– အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
– နိုင်ငံရေး ပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်သည့်
  – တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  – ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  – မြို(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့
  – လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ
  – ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  – ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  – "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
တို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

သီးခြားအကြံပြု

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

"တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့အပြင် ဘာသာစာပေကိုပါ အားပေးဖော်ထုတ်ခြင်းသည် ပြည်ထောင်စုကြီး၏ အနှစ်သာရကို ပိုမိုပီပြင်စေမည်ဟု ယူဆမိပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်း၌ လူမှုရေးကဏ္ဍတွင်ပါဝင်သည့်ပညာရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တိုင်းရင်းသား ဘာသာစကားကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြ၍ အခြေခံမူများချမှတ်ရန် သင့်၊ မသင့် အမျိုးသားညီလာခံကြီးသို့ တင်ပြအပ်ပါကြောင်း"ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ထိုအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမည်ဆိုလျှင် လူမှုရေးကဏ္ဍ ပြည်ထောင်စုဥပဒေပြုစာရင်း၏ အမှတ်စဉ် (၂၀)တွင်'စာပေ'ဆိုသည့် ကိစ္စရပ်ပါရှိပြီး ဖြစ်ပါကြောင်း၊ စာပေဆိုသည့် စကားရပ်ထဲတွင် တိုင်းရင်းသား ဘာသာစာပေ အပါအဝင် စာပေနှင့်သက်ဆိုင်သမျှ ကိစ္စရပ်များ အားလုံးအကျုံးဝင်ပြီးဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

သမားများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟုပါရှိပြီး ဖြစ်ကြောင်း၊ ဤအခြေခံမူအရ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နောင်ဥပဒေပြဋ္ဌာန်းသည့်အခါ ထိုအကြံပြုချက်ကို ထည့်သွင်းစဉ်းစားနိုင်အောင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း" ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က "တောင်သူလယ်သမားလူတန်းစားကို ကိုယ်စားပြုသည့် တောင်သူလယ်သမား အဖွဲ့အစည်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း" အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့် သဘောသဘာဝချင်း တူညီစွာ 'တောင်သူလယ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းထားရှိပေးရန်'ဟု တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်မှ ဦးအောင်သိန်းတို့ကလည်း အကြံပြုတင်ပြသွားကြောင်း။

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာသည့်အခါ ပါတီစုံစနစ်ကိုကျင့်သုံးတော့မည်ဖြစ်၍ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရ သက်ဆိုင်ရာပါတီများက တောင်သူလယ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်သီးခြားဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် မလိုသည့်အတွက်ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ထည့်သွင်းဖော်ပြရန်လိုအပ်မည်မဟုတ်ပါကြောင်းပြောကြားလိုကြောင်း။

စွန့်ထုတ်ပစ္စည်းပြုပြင်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က လူသားများအတွက် အန္တရာယ်ဖြစ်စေမည့် စွန့်ထုတ် ပစ္စည်းအဖြစ်က လူသားများအတွက် အန္တရာယ် မရှိသည့် စွန့်ထုတ်ပစ္စည်းအဖြစ် ပြုပြင်ပေးသည့် (Treatment Plant) များကို စက်ရုံအလုပ်ရုံတိုင်း၌ တည်ဆောက်ကတည်းက ထည့်သွင်းဆောက်လုပ်ရန် ပြဋ္ဌာန်းသောဥပဒေများ၊ စက်မှုဇုန် တစ်ခုလုံးအတွက်လည်း စုပေါင်း (Treatment Plant) ကြီးများကို ကျွမ်းကျင်သောပညာရှင်များဖြင့် တည်ဆောက်သင့်ကြောင်း ပြဋ္ဌာန်းသည့်ဥပဒေများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

ပတ်ဝန်းကျင်၊ လေထု၊ ရေထုများကို ညစ်ညမ်းမှုမဖြစ်စေရန် အဓိကရည်ရွယ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များပင်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း၊ အလားတူပင် အဆိပ်အတောက် ကင်းစင်သည့် သန့်ရှင်းသော ပတ်ဝန်းကျင်ကို ကာကွယ်ရေးဆိုသည့် အကြံပြုချက်သည်လည်း အထက်ပါ ရှင်းလင်းချက်ထဲ၌ အကျုံးဝင်သွားပြီးဖြစ်ကြောင်း။

ကျန်းမာရေးဆိုင်ရာ အာမခံလုပ်ငန်းဆိုသည့် ကိစ္စရပ်သည် လူမှုရေးကဏ္ဍရှိ အမျိုးသားကျန်းမာရေးဆိုသည့် စကားရပ်ထဲ၌ သက်ဆိုင်ပါဝင်ပြီးဖြစ်သကဲ့သို့ အလုပ်သမားများ၏ လုပ်ငန်းခွင် ကျန်းမာရေးနှင့် အန္တရာယ်ကိစ္စရပ်များ ကင်းစင်ရေးဆိုသည့် အချက်သည်လည်း အလုပ် လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုသော စကားရပ်ထဲ၌ အကျုံးဝင်ပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် လူသားများ ဖန်တီးသော ဘေးအန္တရာယ်များ ကာကွယ်ရေးဆိုသည့် ကိစ္စရပ်သည်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးဆိုသည့် စကားရပ်ထဲ၌ အကျုံးဝင်ပြီးဖြစ်၍ ယင်းတို့နှင့် စပ်လျဉ်းပြီး လိုအပ်ပါက ဥပဒေများ ပြဋ္ဌာန်းနိုင်မှာဖြစ်သည့်အတွက် သီးခြားကိစ္စရပ်များအဖြစ် ထည့်သွင်းဖော်ပြရန် လိုအပ်မည်မဟုတ်ပါကြောင်း ပြောကြားလိုကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့ကပင်–

"ပြည်ထောင်စုဥပဒေပြုစာရင်းတွင် လူမှုရေးကဏ္ဍတွင် ပါသင့်သည့် ကိစ္စတစ်ရပ်ကို ဖြည့်စွက်တင်ပြရလျှင် စာနယ်ဇင်းအပါအဝင် မီဒီယာကိစ္စများပင်ဖြစ်ကြောင်း။

မီဒီယာဆိုရာတွင် သတင်းစာများ၊ ဂျာနယ်များ၊ စာစောင်များ၊ သုတမဂ္ဂဇင်းများ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကိစ္စရပ်များ ပါဝင်ပါကြောင်း။

မိမိတို့ မျှော်မှန်းသော စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကိုတည်ဆောက်ရာ၌ စာနယ်ဇင်းများအပြင် ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အပြင် ယခုထက် ပိုမိုကျယ်ပြန့်လာမည်ဟုလည်း မျှော်မှန်းပါကြောင်း၊ နိုင်ငံပိုင်သာမက အန်ဂျီအိုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင် မီဒီယာလုပ်ငန်းများလည်း အနှေးနှင့်အမြန် ပေါ်ပေါက်လာကြမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းသော မီဒီယာများကို လွတ်လပ်စွာ ရေးသားထုတ်ဝေ ထုတ်လွှင့်ခွင့်ပြုသကဲ့သို့ သိက္ခာမစောင့်စည်းသည့် ဥပဒေမလေးစားသော မီဒီယာများ ရှိလာလျှင်လည်း ဥပဒေနှင့်အညီ အဆင့်ဆင့် အရေးယူထိန်းချုပ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် စာနယ်ဇင်းနှင့် မီဒီယာများကိစ္စနှင့် ပတ်သက်ပြီး လိုအပ်သည့် ဥပဒေများထားရှိဆောင်ရွက်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း"ဟု ဆွေးနွေးတင်ပြသွားကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ကလည်း အထက်ပါ အကြံပြုချက်နှင့် သဘောသဘာဝချင်းတူသည့် 'မီးသတ်တပ်ဖွဲ့'၊ 'မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး'ဟု အကြံပြုသွားကြောင်း၊ ယင်းအကြံပြုချက်တွင် 'မီးသတ်တပ်ဖွဲ့'ဆိုသည့် စကားရပ်ပါရှိနေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့သည် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ပါရှိပြီးဖြစ်သည့်အတွက် ထိုအကြောင်းအရာထဲ၌ ထည့်သွင်းရန် မလိုအပ်ကြောင်း သုံးသပ်ရရှိပါကြောင်း၊ 'မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး'ဟု ဖော်ပြရန် အကြံပြုချက်သည် ချမှတ်ပြီးဖြစ်သည့် အခြေခံမူနှင့်လည်း ကိုက်ညီပြီး ကောင်းမွန်သင့်မြတ်သည့်အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်း တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က "စက်မှုလုပ်ငန်းများတွင် စက်ပစ္စည်းကိရိယာများသာမက စက်ပစ္စည်းများကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ကြသော စက်မှုလုပ်သားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ လုပ်သားများသည် လုပ်ငန်းခွင်၌ ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နိုင်ကြသည်ဖြစ်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာဥပဒေ (Occupational Safety Act)နှင့် လုပ်ငန်းခွင်ကြောင့် ပေါ်ပေါက်လာနိုင်သော ဘေးဥပဒ်ဆိုင်ရာဥပဒေ (Occupational Hazard Act) စသည့်လုပ်ငန်းခွင်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်ကြရကြောင်း၊ ယင်းအချက်များကို တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်ပေးမှသာ တူညီမျှတမည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း၊ ရှင်းလင်းတင်ပြပြီး အမှတ်စဉ် (၁၅) 'အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ' ဆိုသည့်စကားရပ်အစား အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး'ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ကပင် အမှတ်စဉ် ၁၉ ပြည်ထောင်စုက စီမံခန့်ခွဲသည့် "(က)ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ"ဆိုသည့် စကားရပ်အစား 'ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ' ဟု အစားထိုးရန် အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

➪ **စာမျက်နှာ ၆ မှ**

ဤအကြံပြုချက်များသည် ချမှတ်ပြီးဖြစ်သည့် အခြေခံမူနှင့်လည်းကိုက်ညီပြီး ကောင်းမွန်သင့်မြတ်သည့်အတွက် အလေးအနက်ထား စဉ်းစားသင့်ကြောင်း တွေ့ရှိရပါကြောင်း။

ထို့ကြောင့် လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ဖော်ပြပါ အကြံပြုချက်များဖြစ်သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အမှတ်စဉ် (၁၅) ပါ 'အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ'တွင် 'လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေး'ဟူသည့် စကားရပ်ကို ဖြည့်စွက်ရန်လည်းကောင်း၊ အမှတ်စဉ် ၁၉(က) အဖြစ် 'ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ'တွင် မင်စာ၊ ပေပုရပိုက်၊ လက်ရေးစာ'ဟူသော စကားရပ်ကို ဖြည့်စွက်ရန်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအမှတ်စဉ်(၂)မှာ ဖော်ပြထားသည့်'မွေးဖွားခြင်းနှင့်သေဆုံးခြင်းဆိုင်ရာမှတ်ပုံတင်ရေး' ဆိုသည့် အကြောင်းအရာကို ပြည်ထောင်စုဥပဒေပြုစာရင်း အမှတ်စဉ်၂၁ အဖြစ် ဖော်ပြရန်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ဖော်ပြသင့်သည့် အမှတ်စဉ်၃ ပါ 'မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး'တွင် 'သဘာဝဘေးအန္တရာယ်များ'ဟူသော စကားရပ်ကို ဖြည့်စွက်ရန်လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ပါကြောင်း၊ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့် သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့်ပြန်လည် ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြကြောင်း၊ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အများအပြားက လူမှုရေးကဏ္ဍရှိ ပြည်ထောင်စုဥပဒေပြုစာရင်း အမှတ်စဉ် ၁၅ အဖြစ် 'အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး' ဟုလည်းကောင်း၊ အမှတ်စဉ်၁၉(က)အဖြစ် 'ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ'ဟု လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အမှတ်စဉ်(၂) တွင် ဖော်ပြထားသည့် မွေးဖွားခြင်းနှင့်သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးဆိုသည့် အကြောင်းအရာကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အမှတ်စဉ် ၂၁ အဖြစ် 'မွေးဖွားခြင်းနှင့်သေဆုံးခြင်းဆိုင်ရာမှတ်ပုံတင်ရေး'ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၏ အမှတ်စဉ်၃ အဖြစ် 'မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး'ဟုလည်းကောင်း ဖော်ပြသင့်ကြောင်း အကြံပြုခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ဤအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီ တင်ပြသွားကြသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် **ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် လူမှုရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–**

"၁။ ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်း စီမံချက်နှင့်စံများ၊

၂။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစသည့်သင်တန်းများနှင့် အဆင့်မြင့်ပညာ အခြားအဖွဲ့အစည်းများ၊

၃။ ပြည်ထောင်စုက သတ်မှတ်သည့် စာမေးပွဲများ၊

၄။ ကိုယ်ပိုင်ကျောင်းများနှင့် သင်တန်းများ၊

၅။ အမျိုးသားအားကစား၊

၆။ အမျိုးသားကျန်းမာရေး၊

၇။ တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါး ဖွံ့ဖြိုးတိုးတက်ရေး၊

၈။ ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းများ

၉။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊

၁၀။ ကြက်ခြေနီအသင်း၊

၁၁။ အစားအသောက်၊ဆေးဝါး၊ဆေးပစ္စည်းနှင့်အလှကုန် စသည်တို့ တုပရောနှော ထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊

၁၂။ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊သက်ကြီးရွယ်အိုများ၊အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊

၁၃။ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ၊

၁၄။ မီးသတ်တပ်ဖွဲ့၊

၁၅။ အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊

၁၆။ ဝါဏိဇ္ဇပဋိပက္ခ၊

၁၇။ လူမှုဖူလုံရေး၊

၁၈။ အလုပ်သမားအဖွဲ့အစည်းများ၊

၁၉။ ပြည်ထောင်စုကစီမံခန့်ခွဲသည့်–

(က) ရှေးဟောင်းယဉ်ကျေးမှုသို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသန လုပ်ငန်းများ၊

(ခ) ပြတိုက်များ၊ စာကြည့်တိုက်များ၊

၂၀။ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို၊

၂၁။ မွေးဖွားခြင်းနှင့်သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး" ဟုလည်းကောင်း၊

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် လူမှုရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–

"၁။ ပြည်ထောင်စုကချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊

၃။ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊

၄။ ကုန်တင်ကုန်ချလုပ်ငန်း၊

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်–

(က) ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊

(ခ) ပြတိုက်နှင့် စာကြည့်တိုက်များ၊

၆။ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ၊

၇။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုစသည့်ပြပွဲများ"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က "စီမံခန့်ခွဲရေးကဏ္ဍ"ကိုဖတ်ကြားတင်ပြရာ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့တွင်ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍ အောက်တွင် ပါရှိရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ခုနှစ် မေလ ၂၀ ရက်တွင် ကျင်းပခဲ့သည့်အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ယင်းရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး **စီမံခန့်ခွဲရေးကဏ္ဍတွင် ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–**

"၁။ အထွေထွေအုပ်ချုပ်ရေး၊

၂။ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေး၊

၃။ အိမ်ငှား၊ မြေငှား၊

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး၊

၅။ နိုင်ငံတော်လျှို့ဝှက်ချက် ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊

၆။ အသင်းအဖွဲ့များ၊

၇။ အကျဉ်းထောင်၊

၈။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊

၉။ သန်းခေါင်စာရင်း၊

၁၀။ နိုင်ငံသားဖြစ်ခြင်း၊နိုင်ငံသားပြုခြင်း၊နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့်မှတ်ပုံတင်လုပ်ငန်း၊

၁၁။ ဘွဲ့ထူးဂုဏ်ထူး"နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင်–

"၁။ စည်ပင်သာယာရေး၊

၂။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊

၃။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူး ဆောင်ဆုပစ္စည်းများ"ဟု ချမှတ်သင့်ကြောင်းကို ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့်–

– တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

– တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

– အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

– အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့

– နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့်

– နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်သည့်

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

– ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့

– လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

– ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်

– ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ

– 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြု တင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြား အကြံပြုချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့်ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က–

"နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြဒေသများတွင် စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ မြို့ပြဒေသများ၌ လုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ရန် လူအများပြောင်းရွှေ့အခြေစိုက် နေထိုင်လာကြခြင်းကြောင့် လူဦးရေလည်း တိုးတက်များပြားလာကြောင်း၊ လူအများနေထိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ၊ စီးပွားကုန်သွယ်လုပ်ငန်းဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ စက်ရုံအလုပ်ရုံများတည်ဆောက်ရန်နှင့်စပ်လျဉ်း၍ဖြစ်စေ အိမ်ငှား၊မြေငှားဆိုင်ရာကိစ္စများသည် မြို့ပြဒေသများတွင် ပေါ်ပေါက်လျက်ရှိခြင်းကို တွေ့ရကြောင်း၊ အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သင့်သကဲ့သို့ တချို့ကိစ္စများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဒေသအခြေအနေ၊ခေတ်ကာလ အခြေအနေများအရ ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ သီးခြား ဆောင်ရွက်ခွင့်ပြုစေသင့်ကြောင်း။

ဆက်လက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အသင်းအဖွဲ့များနဲ့ စပ်လျဉ်းပြီး အကြံပြုတင်ပြ ဆွေးနွေးလိုပါကြောင်း၊လွတ်လပ်သည့်နိုင်ငံတိုင်းတွင် နိုင်ငံသားများ အနေဖြင့် အသင်းအဖွဲ့များကို ဖွဲ့စည်းတည်ထောင်ခွင့်၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်များ ရှိကြရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များတွင်လည်း ဘာသာရေးနှင့်ဆိုင်သည့် အသင်းအဖွဲ့များ၊ အားကစားနှင့်သက်ဆိုင်သည့် အသင်းအဖွဲ့များ၊ လူထုလူတန်းစားအသင်းအဖွဲ့များ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ စသည်ဖြင့် အသင်းအဖွဲ့ပေါင်း မြောက်မြားစွာ ရှိလာကြမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြသည့်အခါ၌ ပြည်သူများ၏ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ အများပြည်သူ၏ ကိုယ်ကျင့်တရားကို မထိပါးစေရေးအတွက် နိုင်ငံတော်က တစ်ပြေးညီဆောင်ရွက်သင့်ကြောင်း၊ သို့သော်လည်း တချို့သော အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းကိုမူ ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များကိုလည်း ခွဲဝေပေးပြီး ခွင့်ပြုစေသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း" ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ဤအကြံပြုချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမည်ဆိုလျှင် အိမ်ငှား၊မြေငှားကိစ္စနှင့် အသင်းအဖွဲ့များဖွဲ့စည်းခြင်း ကိစ္စများကို ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ဆောင်ရွက်ခွင့် ပြုရန် ကိစ္စရပ်သည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့် ခွဲဝေပေးခြင်းပင် ဖြစ်ကြောင်း၊ ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းပြီး လက်တွေ့ဆောင်ရွက်သည့်အခါ အဆင့်ဆင့်သော ဒေသဆိုင်ရာအာဏာပိုင်များကိုပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်များ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိလည်း ဆောင်ရွက်နေခြင်းကြောင့် နောင်လိုအပ်၍ ဥပဒေပြဋ္ဌာန်းသည့်အခါ ယင်းအကြံပြုချက်ကိုထည့်သွင်းစဉ်းစားနိုင်အောင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"မြို့မြေများနှင့်ပတ်သက်သည့် ဥပဒေပြုအာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသကဲ့သို့ ပြည်ထောင်စုဝင်နယ်မြေများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အနေဖြင့်လည်း မိမိတို့နယ်မြေ အတွင်းရှိပကတိအခြေအနေများကိုသိရှိနိုင်သည့်အတွက် ရွာမြေများ စီမံခန့်ခွဲခွင့်အာဏာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးသင့်ကြောင်း" အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ခွဲဝေအပ်နှင်းမည်

ဤအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးဆိုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီးဥပဒေပြုခွင့်အာဏာကိုပြည်ထောင်စုကို ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထိုသို့ပေးအပ်ထားရသည်မှာ ပြည်ထောင်စုတစ်ဝန်းလုံးကို လွှမ်းခြုံသက်ရောက်စေမည့် ဥပဒေမျိုး ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဥပဒေပြဋ္ဌာန်းပြီးသည့်နောက် ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲသည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကိုလည်း ခွဲဝေအပ်နှင်းသွားမည်ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ဖော်ပြရန်လိုအပ်မည် မဟုတ်ပါကြောင်း ပြောကြားလိုကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့က–

"အောက်ပါအချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လုပ်ကိုင်ခွင့်ရရှိရန်အတွက် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း၊ ယင်းအချက်များမှာ–

၁။ အထွေထွေအုပ်ချုပ်ရေး၊

၂။ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေး၊

၃။ အိမ်ငှား၊ မြေငှား၊

၄။ အသင်းအဖွဲ့များ၊

၅။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊

၆။ သန်းခေါင်စာရင်း စသည်တို့ ဖြစ်ကြကြောင်း။

ထို့ပြင် စီမံခန့်ခွဲရေးကဏ္ဍတွင် ဝန်ထမ်းရွေးချယ်ခန့်ထားရေးနှင့်ပတ်သက်ပြီး တင်ပြအကြံပြုလိုကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရာ၌ ပညာအရည်အချင်းတူညီပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများရှိ ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားပေးရန်၊ ဒေသခံမရှိမှသာ တခြားဒေသက ပုဂ္ဂိုလ်များကို ရွေးချယ်ခန့်ထားရန် ဟူ၍လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများတွင် ဝန်ထမ်းခန့်ထားရေးနှင့်ပတ်သက်၍ ဒေသခံတိုင်းရင်းသားများအား လုပ်ငန်းလိုအပ်ချက်အရ ရွေးချယ်ခန့်ထားခွင့် ရရှိရန်ဟူ၍လည်းကောင်း နိုင်ငံတော်က သင့်တော်သလို ချမှတ်ဆောင်ရွက်ပေးပါရန်" ဟု အကြံပြုတင်ပြသွားသည်ကိုတွေ့ရှိရပါကြောင်း။

ထိုအကြံပြုချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် အကြံပြုချက်ထဲတွင် ဖော်ပြထားသည့် ကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လုပ်ကိုင်ခွင့် ရရှိစေရန်အတွက် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးရန် တင်ပြထားခြင်းသာဖြစ်၍ နောင်အခါ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ လိုအပ်၍ ဥပဒေများ ပြဋ္ဌာန်းသည့်အခါ ဖော်ပြပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်သည့်နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်းတင်ပြသွားကြကြောင်း။

ယင်းအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သော အချက်များကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ **ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် စီမံခန့်ခွဲရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး**

"၁။ အထွေထွေအုပ်ချုပ်ရေး၊

၂။ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး၊

၃။ အိမ်ငှား၊ မြေငှား၊

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး၊

၅။ နိုင်ငံတော်လျှို့ဝှက်ချက် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊

၆။ အသင်းအဖွဲ့များ၊

၇။ အကျဉ်းထောင်၊

၈။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊

၉။ သန်းခေါင်စာရင်း၊

၁၀။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊

၁၁။ ဘွဲ့ထူး၊ ဂုဏ်ထူး"ဟုလည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့်စီမံခန့်ခွဲရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး–

"၁။ စည်ပင်သာယာရေး၊

၂။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊

၃။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

အများပြည်သူကောင်းကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် အခွင့်အခါနှင့် အခွင့်အရေးရရှိစဥ် ခေတ်နှာထား၍ ဖိဖိစီးစီး အလုပ်လုပ်

ရှ.ဖုံးမှ

တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ်များ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အထွေထွေအုပ်ချုပ်ရေး ဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြား းများ၊ ပြည်နယ်/တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ ျုပ်ရေးမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အထွေထွေ ျုပ်ရေး ဦးစီးဌာနများမှ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက် ည်။

ရေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်၊ တိုင်း အထွေထွေ ျုပ်ရေး ဦးစီးဌာနများမှ အုပ်ချုပ်ရေးမှူးများက တစ်ဦးချင်း မိတ်ဆက်တင်ပြ ည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေး ားရာတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်၏ ဆိုးရွားနေသည့် အနေအရပ်ရပ်ကို တာဝန်ယူထိန်းသိမ်း စောင့်ရှောက်ခဲ့ရပြီးနောက်တွင် ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို တည်ငြိမ်အေးချမ်းလာအောင်၊ းဥပဒေစိုးမိုးလာအောင် မည်သို့မည်ပုံ ဦးစားပေးတည်ဆောက်ခဲ့ရသည်။ ပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် မည်ကဲ့သို့လုပ်ကိုင် ရသည် ဆိုသည်တို့ကို ဤအခမ်းအနားတွင် ရောက်ရှိနေကြသည့် ်များသည် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်သိရှိ ပြီးဖြစ်ကြောင်း။

နယ်မြေအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ခိုင်မာလာပြီး ဒေသတစ်ခုနှင့် အကြား လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ၁၉၉၂–၉၃ ခုနှစ်မှစပြီး ကာလတို (၄)နှစ်စီမံကိန်း၊ ဒုတိယကာလတို (၅)နှစ် စီမံကိန်းနှင့် ယကာလတို (၅)နှစ်စီမံကိန်းတို့ကို ဆက်တိုက်ချမှတ်ပြီး အင်တိုက် တိုက် အကောင်အထည်ဖော်ခဲ့ရာ ယခုဆိုလျှင် တတိယကာလတို စ်စီမံကိန်း၏ နောက်ဆုံးနှစ်ကို ရောက်တော့မှာဖြစ်ကြောင်း၊ ကာလတို န်းအလိုက် တိုးတက်အောင်မြင်မှုများ ဆက်တိုက်ရရှိသည့်အတွက် ခါ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီ ကြောင်း။

မကြုံစဖူးအောင်မြင်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုဘဝမြင့်မားတိုးတက်ရေး က် လိုအပ်နေသည့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံ ာက်အအုံများ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံ ို ဤစီမံကိန်း ကာလများအတွင်းတွင် ပြည့်စုံလုနီးပါး ရင်းနှီးမြှုပ်နှံ ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမှာ ဒေသတစ်ခုနှင့် တစ်ခု ား အဆင့်အတန်းကွာဟနေမှုလျော့နည်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးရေးကို ရေရှည်မျှော်သည့် ဖွံ့ဖြိုးရေး ကြီး (၂၄)ခု စီမံကိန်းကြောင့်လည်း ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ လက်တွေ့ကျကျမကြုံစဖူး အောင်မြင်စွာ ဝံ့ကြွားပေါ်ထွက်လာနေပြီး ကြောင်း။

ထို့အပြင် တိုင်းရင်းသားအချင်းချင်းအကြား သံသယပွားခဲ့ရမှုများကို ဖျောက်ပြီး အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ခဲ့သည့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တောင့်တင်း အောင် အခက်အခဲ အမျိုးမျိုးကြားမှ အခြေချတည်ဆောက်နိုင်ပြီ ကြောင်း၊ ထို့ကြောင့် တစ်ချိန်တစ်ခါက သေနတ်သံ၊ ဗုံးကွဲသံများဖြင့် ျမ်းမှုမရှိသည့် နယ်စပ်ဒေသများသည် ငြိမ်းချမ်းမှု၏အရသာကို ခံစားပြီး လောက်အောင် မြို့ပြဒေသများပမာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်မှာ တွေ့ မျက်မြင်ပဲဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထူး န်းသည်လည်း ငြိမ်းချမ်းရေးရရှိမှုနှင့်အတူ နိုင်ငံတော်၌ တစ်မူထူးခြားစွာ ်ဖွားဖြစ်ပေါ်လာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်သစ်အဖြစ် မြင်တွေ့ ဲ့ပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ ရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ပေါ်လာ သည် ခြုံလိုက်လျှင် ဗဟိုမှာရှိသည့် ပုဂ္ဂိုလ်များရော၊ အောက်ခြေအဆင့် ွင် တာဝန်ရှိသူများပါ တက်ညီလက်ညီ အင်တိုက်အားတိုက် အလုပ် ကြ၍ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ ၏ လက်တွေ့ကျမှု၊ မှန်ကန်မှုကြောင့်လည်း ကြိုးစားလျှင် ကြိုးစား ာက်၊ အလုပ်လုပ်နိုင်လျှင် လုပ်နိုင်သလောက် အောင်မြင်မှုများရရှိခဲ့ခြင်း ည်ဟု အဓိပ္ပာယ်ပြည့်စုံအောင် ဖွင့်ဆိုရမှာဖြစ်ကြောင်း။

ဒေသဆိုင်ရာ

ဤကဲ့သို့ မှန်ကန်သည့်မူဝါဒများနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို အင်တိုက်အားတိုက် တည်ဆောက်နိုင်ရေးအတွက် သွက်လက်ထက်မြက်သော နိုင်ငံတော် အုပ်ချုပ်ရေးယန္တရား အဆင့်ဆင့်သည် တိုင်းပြည်၏ အမှန်တကယ်လိုအပ်ချက် ဖြစ်သည့်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သည် နယ်မြေဒေသအဆင့်အလိုက် တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ တစ်နည်း အားဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်၏ အဆင့်အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုက်ရိုက်ဖွဲ့စည်း တာဝန်ပေးအပ်ထားသည့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်သည် အဆင့်အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်း၏ ကိုယ်စား နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများကို လက်တွေ့သက်ဝင်အကောင် အထည်ပေါ်အောင် နယ်မြေဒေသအဆင့်အလိုက် ဦးစီးဦးဆောင်တာဝန်ယူ ကြရသည့် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့များလည်းဖြစ်ကြောင်း။

> ❀ **သာမန်ဝန်ထမ်းစိတ်ဓာတ်ဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးလုပ်ငန်းများကိုထူးထူး ခြားခြား အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်မှာ အလွန်ခဲယဉ်း။**
>
> ❀ **ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဖြစ်သော ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ ထမ်းဆောင်ရသည့် လုပ်ငန်းများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်စုံနှင့် အကျုံးဝင်နေသည့်အတွက် အမြင်ကျယ်ရန် လိုအပ်။**
>
> ❀ **အုပ်ချုပ်ရေး အမြင်သာမက နိုင်ငံရေး အမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်များ ဖြင့် လုပ်ငန်းများကို သုံးသပ်ဆောင်ရွက်။**

ထပ်ဆင့်ပြီးပြောရလျှင် **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရသည် ခေတ်စနစ် အသွင်ကူးပြောင်းရေးကို ဆောင်ရွက်နေ သည့် အစိုးရဖြစ်သကဲ့သို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည်လည်း အသွင်ကူးပြောင်းရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် နေသည့် ဒေသဆိုင်ရာအဖွဲ့များဖြစ်ကြောင်း။**

ဤအုပ်ချုပ်ရေးအဖွဲ့များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဖွဲ့ အဆင့်ဆင့်သည် လိုအပ်သည့် ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရ သကဲ့သို့ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် ခရိုင်အုပ်ချုပ်ရေးအဖွဲ့များ၌ အဖွဲ့ဝင်များ အဖြစ်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးအဆင့်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး သည် မြို့နယ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း အသီးသီး တာဝန်ယူနေကြရခြင်း ဖြစ်ကြောင်း၊ ဤကဲ့သို့ တာဝန်ယူခဲ့သည်မှာ နှစ်ကာလအားဖြင့် ရှည်ကြာသည် နှင့်အမျှ အသွင်ကူးပြောင်းရေးဆိုင်ရာ အတွေ့အကြုံ သင်ခန်းစာမျိုးစုံကိုလည်း ရရှိခဲ့ကြပြီးဖြစ်ကြောင်း။

ခေတ်ကာလအမျိုးမျိုး

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နောက်ခံသမိုင်းကို ပြန်ကြည့်မည် ဆိုလျှင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ် ပြောင်းလဲဖြစ်ပေါ်မှု သမိုင်းကြောင်းနှင့်အတူ ခေတ်ကာလ အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ကြပြီးဖြစ်ကြောင်း။

ယနေ့အချိန်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခေတ်စနစ်၏ လိုအပ်ချက်အရ ပြည်ထဲရေး ဝန်ကြီးဌာနလက်အောက်၌ ပြန်လည်ဖွဲ့စည်း ရပ်တည်ပြီး မြေယာစီမံခန့်ခွဲရေး၊ ယစ်မျိုးစီမံခန့်ခွဲရေး၊ အခွန် ကောက်ခံရေး၊ မြို့ပြဇာရပ်မီးခကြီးကြပ်ရေး၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်ပြုရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးစသည့် မိခင်ဌာနလုပ်ငန်းများရော၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်း တာဝန်ကိုပါ ပူးတွဲပြီး ထမ်းဆောင်နေကြရခြင်းဖြစ်ကြောင်း၊ အဆင့်ဆင့် သော ဒေသအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများကို အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌများအဖြစ် ယခုကဲ့သို့ တာဝန်ပေးခြင်းသည် ခေတ်ပြောင်း၊ စနစ်ပြောင်းနေသည့် အသွင်ကူးပြောင်းရေး ကာလ၏ လိုအပ်ချက်အရ နိုင်ငံတော်က တာဝန်ပေးထား ခြင်းဖြစ်ကြောင်း။

လွဲမှားသည့်အယူအဆ

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသာမက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူအဆင့်ဆင့်သည် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ အဖြစ် တာဝန်ထမ်းဆောင်ကြရာ၌ သာမန်သဘောမထားဘဲ အလေးအနက် ခံယူပြီး တက်ညီလက်ညီ အလုပ်လုပ်ကြရန် လိုအပ်ကြောင်း မှာကြား လိုကြောင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်၏ တာဝန်များကို မိခင်ဌာန၏ လုပ်ငန်းတာဝန်လောက် အလေးအနက်မထား သည့် အယူအဆမျိုးသည် လွဲမှားသည့်အယူအဆမျိုးဖြစ်ကြောင်း၊ အမှန်တွင် မိခင်ဌာနလုပ်ငန်းသည် ဘယ်ဟာလဲဆိုသည်ကို ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့ဝင်များအတွက် ခွဲခြားဖို့ပင် ခက်ခဲလာကြောင်း။

အကြောင်းမှာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ လုပ်ငန်းတာဝန်များသည် တသီးတခြား ရှိမနေဘဲ ဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့် တစ်သားတည်း ဆက်စပ်လျက်ရှိနေ၍ဖြစ်ကြောင်း၊ လုပ်ငန်း တာဝန်အရ သူ့ဌာန၊ ကိုယ့်ဌာနဆိုပြီး ဌာနအသီးသီး ဖွဲ့စည်းထားသော်လည်း ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းသွားကြ ရမှာဖြစ်ကြောင်း၊ ဌာနတစ်ခု၏ လိုအပ်ချက်နှင့် အခြားဌာနတစ်ခု၏ လိုအပ်ချက်ကို မှန်မှန်ကန်ကန် ညှိနှိုင်းပေါင်းစပ်ပေးရန်၊ ဒေသခံပြည်သူ များ၏ လိုအပ်ချက်နှင့် ဌာနဆိုင်ရာများ၏ လိုအပ်ချက်ကို ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းပေးရန်၊ နိုင်ငံတော်တစ်ရပ်လုံး၏ လိုအပ်ချက်နှင့် နယ်မြေ ဒေသ၏ လိုအပ်ချက်ကို မျှတစွာ ပေါင်းစပ်ညှိနှိုင်းပေးရန်စသည့် ကိစ္စ များသည် ဌာနဆိုင်ရာ တစ်ခုချင်း၏ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက် နေလျှင် မပြီးမြောက်နိုင်သည့်အတွက် မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန် တွန်းအားပေး ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဒေသအလိုက် ယခုကဲ့သို့ အုပ်ချုပ်ရေး ကောင်စီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးထားခြင်းပင်ဖြစ်ကြောင်း။

မှန်မှန်ကန်ကန်ကျင့်သုံး

ထို့ကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်၏ အခန်းကဏ္ဍကို အဖွဲ့ဝင်များရော၊ ဌာနဆိုင်ရာ ဝန်ထမ်းများကပါ မှန်မှန်ကန်ကန် နားလည်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ရုံးလုပ်ငန်းတာဝန်အရရော၊ ဖွဲ့စည်းတာဝန်ပေးမှု အရပါ ကောင်စီအဆင့်ဆင့်ကို တာဝန်ခံ ဆောင်ရွက်နေကြရသည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၌ အဓိက ဆက်စပ်ဆောင်ရွက်နေသည့် မိမိတို့ တာဝန်ပိုင်း၏ အရေးကြီးမှုကို နားလည်ရန်လိုသကဲ့သို့ နိုင်ငံတော်၏ မူဝါဒကိုလည်း အမြဲတမ်း မှန်မှန် ကန်ကန် ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း။

ဝန်ထမ်းများကိုယ်တိုင် ဥပဒေစည်းကမ်း နား… စံနမူနာပြ လေးစားလိုက်နာရန် အ…

နောင်ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်၏ အုပ်ချုပ်ရေး ယန္တရား၌လည်း ခိုင်မာသည့် အခြေခံအုတ်မြစ်များအဖြစ် စဉ်ဆက်မပြတ် တာဝန်ယူ ထမ်းဆောင်သွားရမှာဖြစ်သည့်အတွက် မိမိတို့၏ အရည်အသွေးနှင့် စွမ်းအားထက်မြက်နေအောင် ကြိုးစားဖြည့်ဆည်းနေရန် လိုကြောင်း၊ လုပ်ငန်းကျွမ်းကျင်ရုံတင်မက ပြည်သူကို အလုပ်အကျွေးပြုလိုစိတ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်ရှင်သန်နေအောင်လည်း အမြဲပြုပြင်နေကြရမှာ ဖြစ်ကြောင်း။

အမှန်တွင် သာမန်ဝန်ထမ်းစိတ်ဓာတ်ဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး လုပ်ငန်းများကို ထူးထူးခြားခြား အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်မှာ အလွန်ခဲယဉ်းလှကြောင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဖြစ်သော ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ထမ်းဆောင်ရသည့် လုပ်ငန်းများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်စုံနှင့် အကျုံးဝင်နေသည့်အတွက် အမြင်ကျယ်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း အုပ်ချုပ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်များ ဖြင့် လုပ်ငန်းများကို သုံးသပ်ဆောင်ရွက်ရန် ကြုံကြိုက်လျှင် ကြုံကြိုက်သလို မှာကြားနေရခြင်းဖြစ်ကြောင်း။

နားလည်ဆက်စပ်နိုင်ရန်လို

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများကိုသာမက ရဲအရာရှိများ၊ လဝကမြို့နယ် ဦးစီးမှူးများနှင့် ရုံးအဖွဲ့ဝင် ကျန်ဝန်ထမ်းများ ကိုလည်း ခေတ်စနစ်၏ ပြောင်းလဲမှုအနေအထားကို နားလည်ခံယူနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်း လမ်းညွှန်ချက်များကို လေးနက်စွာနားလည်ဆက်စပ် နိုင်ရန် လိုအပ်ကြောင်း။

ယနေ့ကာလသည် ခေတ်ပြော… သော ကာလဖြစ်သည့်အတွက် နိုင်… အတွေးအခေါ်နှင့် လုပ်ငန်းတာဝန်မျ… လက်လက် ပူးပေါင်းလုပ်ကြရမှာဖြစ်… အချို့ဝန်ထမ်းများသည် အားကြိုးမာ… လည်း တချို့ကမူ ကြိုးနီစနစ်များနှင့်… ရာ၌ ကြန့်ကြာနေမှုများ၊ တာဝန်ကျေ… တွေ့ရှိနေရကြောင်း၊ အချို့က ဌာနစွဲစိ… များမှာ အဖြစ်မှန်၊ အခြေအနေမှန်… တင်ပြပြီး "မျှော"လိုက်နေသည်မျ…

အဆိုးဆုံးမှာ လုပ်ပိုင်ခွင့်အာဏ… ပုဂ္ဂိုလ်ဆိုင်ရာ အားနည်းချက်များဖြစ်… အာဏာအလွဲသုံးစားလုပ်မှုများကို က… အတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရ… အညီ ထိရောက်စွာ အရေးယူခဲ့ရခြ…

နိုင်ငံတော် အေးချမ်းသာယာရေ… ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေ… များ လက်ထက်တွင် ကိုယ်စွမ်းဉာ… ကြိုးပမ်းတည်ဆောက်ရမှာဖြစ်ကြော… သည့် အခြေခံကောင်းများကို နို… ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ တိုးတက်ကြီးပွ… နှင့် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၏ အကျ… ဒေသတစ်ခုချင်း၏ အကျိုးစီးပွားမျှတ… လမ်းကြောင်းပေးသည့် ဥပဒေများ၊ စ… လေးစားလိုက်နာမှုအပေါ်တွင်လည်း…

စံန…

အများပြည်သူကို ဥပဒေဘောင်… ထိန်းသိမ်းကြပ်မတ်ပြုပြင်သွားရမည့်… စည်းကမ်းများကို နားလည်ရုံသာမက… လိုအပ်ကြောင်း။

နိုင်ငံတော်အဖွဲ့အစည်းများက… စည်းကမ်းရှိရှိ အားကြိုးမာန်တက်… မိမိတို့ထမ်းဆောင်ရမည့်လုပ်ငန်းမျ… ထမ်းဆောင်ကြမည်ဆိုလျှင် နိုင်ငံ… လာမှာဖြစ်ကြောင်း။

အထူးသဖြင့် ဒေသဆိုင်ရာ အ… ထမ်းဆောင်နေကြရသည့် အထွေထွေ… သည် နိုင်ငံတော်၏မူဝါဒများဖြစ်သ… အမျိုးသားခံယူချက်ဖြစ်သည့် ဒို့တာ… လူမှုရေးဆိုင်ရာ လက်တွေ့လုပ်ငန်း… (၄)ရပ်တို့ကို စကားလုံးအရသာမက… နားလည်ခံယူကြပြီး ဌာနဆိုင်ရာလု… ဖိဖိစီးစီး အကောင်အထည်ဖော်သွားကြ… **လုပ်ငန်းများကိုဆောင်ရွက်လျှင် မျ… ရောက်ရန် ခက်ခဲမှာဖြစ်ကြောင်း၊ မူဝါ…**

လုပ်ငန်းတာဝန်အလိုက် အခြေခံရမည့်… များ (Procedure)ကို အသေးစိတ်…

မူမရှိ၊ လုပ်ထုံးလုပ်နည်းမရှိဘဲ… ဆိုလျှင် တစ်ကျောင်းတစ်ဂါထာ၊… တစ်စင်း၊ တစ်တောတစ်ကြက်ဖပုံစံ…

စစ်ကြောင်းကြီးများ… လမ်းများ ခေ…

ရန်ကုန်

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တ… မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့… ဖြစ်ရာ မတ် ၁၂၊ ၁၄၊ ၁၅၊ ၁၇၊ ၁… မတ် ၂၇ရက်တို့တွင် ရွှေတိဂုံဘုရားလ… ပန်တျာလမ်း၊ ရွှေတိဂုံဘုရားလမ်း–… ဇီဝကလမ်း၊ ဦးထောင်ဘိုလမ်း–ကမ္ဘ… အင်းလျားလမ်း–ဓမ္မစေတီလမ်း၊ (ရွှေဂုံတိုင်မီးပွိုင့်အထိ)၊ ဦးဝိစာရလမ်း… ချင်းတွင်းလမ်း၊ ပြည်လမ်း–ဗားက… အလုံလမ်း–ပြည်လမ်း၊ မနော်ဟရီလမ်… ပြည်လမ်း၊ ပြည်လမ်း–စကားဝါလ… ခေတ္တပိတ်ထားမည်ဖြစ်သည်။

ယနေ့ကာလသည် ခေတ်ပြောင်း၊ စနစ်ပြောင်း အသွင်ကူးပြောင်းနေသော ကာလဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းအားလုံးသည် မှန်ကန်သည့် တွေးအခေါ်နှင့် လုပ်ငန်းတာဝန်များကို ထက်ထက်မြက်မြက်၊ သွက်သွက် ာက်လက် ပူးပေါင်းလုပ်ကြရမှာဖြစ်ကြောင်း၊ ဤသို့သော အခြေအနေများတွင် ချို့ဝန်ထမ်းများသည် အားကြိုးမာန်တက်အပင်ပန်းခံ အလုပ်လုပ်ကြသော် ည်း တချို့ကမူ ကြိုးနီစနစ်များနှင့် ရစ်ပတ်နှောင်ဖွဲ့ပြီး လုပ်ငန်းဆောင်ရွက် ၌ ကြန့်ကြာနေမှုများ၊ တာဝန်ကျေရုံ ဆောင်ရွက်နေခြင်းများ ရှိနေသည်ကို တွေ့ရှိနေရကြောင်း၊ အချို့က ဌာနစွဲစိတ်များရှိနေဆဲဖြစ်ကြောင်း၊ အချို့ဝန်ထမ်း ားမှာ အဖြစ်မှန်၊ အခြေအနေမှန်ထက် မိမိ၏ လူကြီးအကြိုက် ပုံစံတကျ င်ပြပြီး "မျှော"လိုက်နေသည်များကိုလည်း တွေ့မြင်နေရကြောင်း။

အဆိုးဆုံးမှာ လုပ်ပိုင်ခွင့်အာဏာနှင့် ယှဉ်တွဲပြီးဖြစ်ပေါ်လာတတ်သည့် ဂ္ဂိုလ်ဆိုင်ရာ အားနည်းချက်များဖြစ်သော ကိုယ်ကျိုးရှာမှုများ၊ မသမာမှုများ၊ ာဏာအလွဲသုံးစားလုပ်မှုများကို ကျူးလွန်လာသည်အထိ နယ်ကျွံလာသည့် တွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ဥပဒေနှင့် ညီ ထိရောက်စွာ အရေးယူခဲ့ရခြင်းများရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို မိမိတို့ဝန်ထမ်း ား လက်ထက်တွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အရှိန်အဟုန်မြှင့်တင်ပြီး ိုးပမ်းတည်ဆောက်ရမှာဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် လိုအပ် ည့် အခြေခံကောင်းများကို ခိုင်ခိုင်မာမာ လမ်းခင်းပေးထားနိုင်ရမှာ စ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ တိုးတက်ကြီးပွားရေးဆိုသည်မှာ အများ၏အကျိုးစီးပွား ့် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဒေသတစ်ခုချင်း၏ အကျိုးစီးပွားမျှတအောင်၊ သဟဇာတဖြစ်အောင် ထိန်းကိုင် မ်းကြောင်းပေးသည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာမှုအပေါ်တွင်လည်း တည်မှီလျက်ရှိကြောင်း။

စံနမူနာပြ

အများပြည်သူကို ဥပဒေဘောင်အတွင်းနေထိုင်ကြရန်၊ စည်းကမ်းရှိရန် ိန်းသိမ်းကြပ်မတ်ပြုပြင်သွားရမည့် ဝန်ထမ်းများကိုယ်တိုင်က ဥပဒေ၊ ည်းကမ်းများကို နားလည်ရုံသာမက စံနမူနာပြလေးစားလိုက်နာရန် အထူး ိုအပ်ကြောင်း။

နိုင်ငံတော်အဖွဲ့အစည်းများကလည်း မှန်မှန်ကန်ကန်၊ ရိုးရိုးသားသား၊ ည်းကမ်းရှိရှိ အားကြိုးမာန်တက် အလုပ်လုပ်ပြီး ပြည်သူလူထုကလည်း မိတို့ထမ်းဆောင်ရမည့်လုပ်ငန်းများကို ကျေကျေပွန်ပွန်၊ စည်းကမ်းရှိရှိ မ်းဆောင်ကြမည်ဆိုလျှင် နိုင်ငံတော်ကြီးသည် မလွဲမသွေ တိုးတက်ဖွံ့ဖြိုး ာမှာဖြစ်ကြောင်း။

အထူးသဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တွင် ပါဝင် မ်းဆောင်နေကြရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းများ ည် နိုင်ငံတော်၏မူဝါဒများဖြစ်သည့် အမျိုးသားရည်မှန်းချက်ပန်းတိုင်၊ မျိုးသားခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံရေး၊ စီးပွားရေး၊ ူမှုရေးဆိုင်ရာ လက်တွေ့လုပ်ငန်းစဉ် (၁၂)ရပ်နှင့် ပြည်သူ့သဘောထား)ရပ်တို့ကို စကားလုံးအရသာမက အနက်အဓိပ္ပာယ်ကိုပါ လေးနက်စွာ ားလည်ခံယူကြပြီး ဌာနဆိုင်ရာလုပ်ငန်းနှင့် ဒေသဆိုင်ရာ လုပ်ငန်းများကို ဖြိစီးစီး အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ **မူဝါဒမရှိဘဲ လက်တွေ့ ုပ်ငန်းများကိုဆောင်ရွက်လျှင် မျက်မမြင် လမ်းလျှောက်သလို လိုရာခရီး ောက်ရန် ခက်ခဲမှာဖြစ်ကြောင်း၊ မူဝါဒကိုနားလည်သည်နှင့်အမျှ ဌာနအလိုက်၊**

ည်းကမ်း နားလည်ရုံသာမက
်နာရန် အထူးလိုအပ်

ုပ်ငန်းတာဝန်အလိုက် အခြေခံရမည့်မူများ (Principle)နှင့် လုပ်ထုံးလုပ်နည်း ား (Procedure)ကို အသေးစိတ် အလွယ်တကူ ချမှတ်နိုင်မှာဖြစ်ကြောင်း။

မူမရှိ၊ လုပ်ထုံးလုပ်နည်းမရှိဘဲ လုပ်ငန်းများကို ဆောင်ရွက်ကြမည် ိုလျှင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ ရုံးတစ်ရုံးခေား ်စစ်၊ တစ်တောတစ်ကြက်ဖပုံစံမျိုး ဖြစ်သွားနိုင်ကြောင်း။

အထူးသဖြင့် အများပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်နေရသည့် အုပ်ချုပ်ရေးအဖွဲ့များသည် လုပ်ကိုင်ပုံ နည်းစနစ် လွဲမှားသွားမည်ဆိုလျှင် မိမိတို့ဆောင်ရွက်ချက်များသည် ရည်ရွယ်ချက် မည်မျှကောင်းသည်ဖြစ်စေ ပြည်သူလူထု အထင်အမြင်အလွဲခံရပြီး တိုင်ကြားခံရသည့် အဖြစ်အပျက်များ မြောက်မြားစွာရှိပြီးဖြစ်ကြောင်း။

အချို့သောကိစ္စရပ်များတွင် လူပုဂ္ဂိုလ်ဆိုင်ရာ အားနည်းချက်များကြောင့် ပြည်သူလူထုအနေဖြင့်စိတ်နှလုံးမချမ်းမသာဖြစ်ရသည်များလည်းရှိကြောင်း၊ နိုင်ငံတော်က ထိုက်သင့်သလို အရေးယူ အပြစ်ပေးခဲ့ရသည်များလည်း ရှိကြောင်း။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းအားလုံးနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အကြီးအကဲ က—

- **"ပြည်သူများနဲ့ တစ်သားတည်း နေထိုင်ပြီး အကျင့်သိက္ခာရှိရှိ ကျင့်ကြံနေထိုင်ရန်၊ ပြည်သူများအပေါ် မောက်မောက်မာမာ ကြွားကြွား ဝါဝါ ဆက်ဆံခြင်းမျိုးကို ရှောင်ရှားပြီး ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်။**
- **တိုင်းပြည်တာဝန်ကို မိမိတို့ယူထားသည့်အချိန်မှာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို အပင်ပန်းခံ၊ အနစ်နာခံ၍ လုပ်ဆောင်ကြရန်၊ သမိုင်းကြောင်း၌ မှတ်တမ်းကောင်း များ ကျန်ရှိအောင် ကြိုးကြိုးစားစား လုပ်ဆောင်ကြရန်၊**
- **သဘောတရား မပါသည့်အလုပ်၊ အလုပ်မပါသည့် သဘောတရား မဖြစ်စေဘဲ မှန်ကန်သည့် သဘောတရား၊ ခံယူချက်များဖြင့် ဦးတည်ချက်ရှိရှိလုပ်ငန်းတာဝန်များကိုကြိုးပမ်းထမ်းဆောင်ကြရန်"**

စသည်ဖြင့် အခါသင့်သလို လမ်းညွှန်မှာကြားခဲ့ကြောင်း။

ဤလမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူပြီး နိုင်ငံတော်နှင့် ပြည်သူကို ထိထိရောက်ရောက်၊ သိက္ခာရှိရှိ၊ ကြိုးကြိုးစားစား အလုပ်အကျွေးပြုကြရန်၊ မိမိတို့၏ အောက်လက်အဆင့်ဆင့်ကိုလည်း ထိန်းသိမ်း ပြုပြင်ရန် မှာကြားလိုကြောင်း။

စေတနာထားအလုပ်လုပ်

အများပြည်သူ၏ကောင်းကျိုး၊ နယ်မြေဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် အခွင့်အခါနှင့် အခွင့်အရေးရရှိစဉ် စေတနာထား၍ ဖြိဖြိစီးစီး အလုပ်လုပ်ကြရန်လိုကြောင်း၊ ပြည်သူကို ဥပဒေနှင့်အညီ ကာကွယ် စောင့်ရှောက်သွားနိုင်ရမှာဖြစ်ကြောင်း၊ သို့မှသာ သန့်ရှင်းသောအုပ်ချုပ်ရေး၊ ပြည်သူလေးစားအားကိုးသော အုပ်ချုပ်ရေးဖြစ်မှာဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်သည် နိုင်ငံရေးအရ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်း အစီအစဉ်များကို ချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည် ဖော်နေသည့် ကာလကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံရေးဦးတည်ချက် (၄)ရပ်အနက် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းတာဝန် များကို အခြေချ အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ ကျန်ရှိသည့် လုပ်ငန်းတာဝန်များဖြစ်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ် လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးတို့အတွက် နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ဆီလျော်ကိုက်ညီသော လက်တွေ့ လုပ်ငန်းစဉ် (၇)ဆင့်ကို တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် အကောင်အထည်ဖော်နေချိန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို တက်တက်ကြွကြွ အလေးအနက်ထား ကျင်းပနေပြီလည်းဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေ အချိန်မျိုးတွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဆိုသည့် အကြောင်းပြချက်များဖြင့် မဟုတ်မမှန် ပြောဆိုသွေးခွဲမှုများ၊ ဖိအားပေးမှုများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်၏ စည်းလုံးညီညွတ်မှု အင်အား၊ အလုပ်စွမ်းပကားတို့ဖြင့် ဖယ်ရှားပြီး ပကတိဖြစ်ရပ်မှန်များကို လမ်းမှန်အတိုင်း ဖော်ညွှန်းသွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော် အုပ်ချုပ်ရေး ယန္တရား၌ ပါဝင်ထမ်းဆောင်နေကြသည့် တာဝန်ရှိသူအဆင့်ဆင့်ကလည်း သတိတရား လက်ကိုင်ထားပြီး မိမိတို့ လုပ်ကိုင်ဆောင်ရွက်စရာရှိသည် များကို ညီညီညွတ်ညွတ် အင်တိုက်အားတိုက် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်း အဆင့်ဆင့်သည် နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်တွင် မိမိတို့နှင့် အတူ လုပ်ဖော်ကိုင်ဖက် အခြားသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို စည်းရုံးပြီး မိမိတို့၏ လုပ်ငန်းများကို ထိထိရောက်ရောက် တိုးတက် အောင်မြင်အောင် မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ကြိုးစားဆောင်ရွက်သွား ကြရန်၊ တစ်ကိုယ်ကောင်းစိတ်၊ ဌာနစွဲစိတ်များကို အမြဲထိန်းသိမ်းဖယ်ရှားပြီး လုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် အလေးအနက် မှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။ (သတင်းစဉ်)



မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး "သုတအလင်းရောင်" စာကြည့်တိုက် ဖွင့်ပွဲနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပရာ ရပ်ကွက်စာကြည့်တိုက်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ညွှန့်၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စစ်ကြောင်းကြီးများ ချီတက်လေ့ကျင့်စဉ် လမ်းများ ခေတ္တပိတ်ထားမည်

ရန်ကုန် မတ် ၅

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ကြောင်းကြီးများသည် ့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွား/အပြန် ချီတက်လေ့ကျင့်ကြမည် စ်ရာ မတ် ၁၂၊ ၁၄၊ ၁၅၊ ၁၇၊ ၁၉၊ ၂၁၊ ၂၂၊ ၂၅ရက်နှင့် တပ်မတော်နေ့ ာ် ၂၇ရက်တို့တွင် ရွှေတိဂုံဘုရားလမ်း-ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားလမ်း- န်တျာလမ်း၊ ရွှေတိဂုံဘုရားလမ်း-မော်ကွန်းတိုက်လမ်း၊ ရွှေတိဂုံဘုရားလမ်း- ာကလမ်း၊ ဦးထောင်ဘိုလမ်း-ကမ္ဘာအေး စေတီလမ်း (ဗဟန်းအဝိုင်းထိ)၊ ာင်းလျားလမ်း-ဓမ္မစေတီလမ်း၊ ရွှေဂုံတိုင်လမ်း-ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင်မီးပွိုင့်အထိ)၊ ဦးဝိစာရလမ်း-ဟံသာဝတီအဝိုင်းထိပ်၊ ဦးဝိစာရလမ်း- ာင်းတွင်းလမ်း၊ ပြည်လမ်း-ဗားကရာလမ်း၊ ပြည်လမ်း-ဓမ္မစေတီလမ်း၊ ှလုံလမ်း-ပြည်လမ်း၊ မနော်ဟရီလမ်း-ပြည်လမ်း၊ ပြည်ထောင်စုရိပ်သာလမ်း- ည်လမ်း၊ ပြည်လမ်း-စကားဝါလမ်း၊ မြို့မကျောင်းလမ်း-စမုံလမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

နည်းနည်းလေးမှ မလိုချင်

* သူတို့အကြိုက်၊ တစိုက်မတ်မတ်
မပြတ်လိုက်နာ၊ ပြုလုပ်ပါက
ဘယ်ဝါဘယ်သူ၊ ဘယ်လိုမူသုံး
ကျင့်ထုံးပုံဟန်၊ လူမဆန်လည်း
နှုန်းစံပြည့်ဝ၊ ဘဝပြည့်စုံ
ကုံလုံအောင်ပေး၊ လူ့ခွင့်ရေးဟု
မနှေးသတ်မှတ်၊ သိမှတ်ပြုကာ
ကမ္ဘာကြော်ကြေး
ကြေညာပေးမှာ၊ ဒို့သိပါ၏။

* သူတို့စံနှုန်း၊ လုံးလုံးမမီ
မြန်မာပြည်ဟု၊ လီလီခါခါ
ပြောနေပါလည်း၊ ချုပ်ခြာပေးအပ်
ကျွန်ဇာတ်ကိုဝင်၊ ကျွန်ပုံမြင်မှ
အားရကျေနပ်၊ သိမှတ်ပြုပေး
လူ့အခွင့်ရေးကို
နည်းနည်းလေးမှ မလိုချင်။ ။

မျိုးလွှား

(လူ့အခွင့်အရေးကိုဗန်းပြကာ ကိုယ်ကျိုးရှာနေသူများသို့)

စစ်ကြောင်းကြီးများ တည်းခိုရာ စခန်းအသီးသီး၌ အဆို၊ အက၊ ရုပ်ရှင်များဖြင့် ဖျော်ဖြေ

ရန်ကုန် မတ် ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာ စခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယမန်နေ့ည ၇နာရီတွင် ဖျော်ဖြေမှု အစီအစဉ်များ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီ စစ်ကြောင်း၌ တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် မြဝတီ စင်တင်တေးဂီတ အဖွဲ့နှင့် အတူ စတီရီယို တေးသံရှင်များကလည်းကောင်း၊ ရောဝတီရေတပ် စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ အမှတ်(၁) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ တပ်မတော် အရိုးကုဆေးရုံ ခုတင်(၅၀၀)ရှိ ဗန္ဓုလ စစ်ကြောင်း၌ အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင် စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း တို့၌ "မြင့်မြတ်နှလုံးသား" မြန်မာ ရုပ်ရှင်ဇာတ်ကား ဖြင့်လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင် စစ်ကြောင်း၌ "အချစ်ကိုမွေးဖွား ခြင်း" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း၊ အောင်မင်္ဂလာ အဝေးပြေးရှေ့ နယ်မြေခံတပ်ရင်းရှိ ကျန်စစ်သားစစ်ကြောင်း၌ "ရင်ခွင် နန်းတော်" မြန်မာရုပ်ရှင်ဇာတ်ကား ဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေ တင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများ ကို စစ်ကြောင်းကြီးများမှ စစ်ကြောင်း မှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

ဆေးဝါးရောင်းချမှု အလုပ်ရုံဆွေးနွေးပွဲပြီးစီး

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ ဆေးဝါးရောင်းချ မှုတွင် လိုက်နာဆောင်ရွက်ရန် ကိစ္စ များနှင့် ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲ အပတ်စဉ် (၁) ပိတ်ပွဲ အခမ်းအနားကို မတ် ၃ ရက်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI သင်တန်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင် လေးက အမှာစကား ပြောကြား၍ ဆေးတက္ကသိုလ်(၂) ဒုတိယပါမောက္ခ ချုပ် ဒေါက်တာ အောင်ကြီးက အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြားပြီး ပြည် ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ် ပညာရေးဆိုင်ရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ပါဝင်ဆွေးနွေးကြသည့် ဆရာဝန်ကြီးများအား ဂုဏ်ပြုလက် ဆောင်များကို ပေးအပ်ပြီး မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များ နှင့် လုပ်ငန်းရှင်များအသင်းက ပြည် ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်သို့ ကျန်းမာရေးအထောက် အကူပြု ပစ္စည်းကို ပေးအပ်လှူဒါန်း သည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေး ပွဲသို့ တက်ရောက်ကြသူများအား မှတ်တမ်းလွှာများကို တာဝန်ရှိသူတို့ က ပေးအပ်ကြသည်။ ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်က ကျေးဇူးတင် စကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆေးဝါးရောင်းချခြင်းနှင့် သက်ဆိုင်သူ ၅၀ဦးတို့ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံ ဆွေးနွေးပွဲမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၃-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာ တော်ကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုး တော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

၈:၁၀ ၆။ အဆိုပြိုင်ပွဲ

၈:၂၀ ၇။ ဗိုလ်မြတ်ထွန်းတံတား

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Say it in English.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း-၁၇)**

၁၂:၁၀ ၅။ ၂၀၀၅ခုနှစ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး ပထမအကြိ အာရှပက်လည်မြားပစ်ပြိုင်

၁၂:၃၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "မင်းသမီးလေးဉာဏ်စိန်" (ဝေဠုကျော်၊ စိုးမြတ်နန္ဒာ၊ ဧကရီစိုး၊ ပွင့်နဒီမောင်၊ ဆုမြတ်ရွှေစင်) [ဒါရိုက်တာ- မောင်နီလွင်-သပြု]**

၂:၃၀ ၇။ ဂမုန်းရေလှောင်တမံ

၂:၄၅ ၈။ International News.

၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေး (၂၀၀၂ ခုနှစ်)

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာ ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒ အထူးပြု) (ရူပဗေဒ)

၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ

၅:၃၀ ၇။ အတီးပြိုင်ပွဲ

၅:၃၅ ၈။ တေးဂီတအစီအစဉ်

၅:၅၀ ၉။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား

၆:၀၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း-၄)**

၇:၃၅ ၁၄။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၇:၄၅ ၁၅။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၂၄)**

၂၀။ နောက်တစ်နေ့ အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

ဒေသထူးခြားချက်အရ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများဆိုသည့် အချက်များသည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်၊ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် သက်ဆိုင်အကျုံးဝင်

✧ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မှ

၆။ ကာလစည်းကမ်းသတ်၊
၇။ အမှုတန်ဖိုးသတ်မှတ်ခြင်း၊
၈။ သီးခြားသက်သာခွင့်၊
၉။ နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊
၁၀။ ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊
၁၁။ ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာ ပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကိုဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာ ပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ"

ဟုချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်သည့်–

- **တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့**
- **တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့**
- **အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့**
- **အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့**
- **နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့်**
- **နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်သည့်**
  - **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
  - **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်**
  - **မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့**
  - **လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**
  - **ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်**
  - **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ**
  - **"ဝ"အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

တို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

သီးခြားအကြံပြု

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်၊ လွှာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းချမှတ်သင့်သည့် တရားစီရင်ရေးနှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြဆွေးနွေးလိုကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများအတွက် ၎င်းတို့နှင့် သက်ဆိုင်ရာလူမျိုးအလိုက် ကျင့်သုံးခဲ့သော ရိုးရာဓလေ့ထုံးတမ်းအရ ညှိနှိုင်းဖြေရှင်းခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ပြည်ထောင်စုဥပဒေနှင့်မဆန့်ကျင်စေဘဲ ဒေသအခြေအနေအရ ထိုက်သင့်အားလျော်စွာ ကျင့်သုံးဆောင်ရွက်စေသင့်ပါကြောင်း" အကြံပြုတင်ပြသွားသည်ကိုတွေ့ရှိရပါကြောင်း။

အထက်ပါအကြံပြုချက်နှင့် သဘောသဘာဝချင်းတူညီစွာ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်နှင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့ကလည်း "ပြည်ထောင်စုက ပြဋ္ဌာန်းသော ဥပဒေများနှင့် မဆန့်ကျင်သရွေ့ တိုင်းရင်းသားဒေသများတွင် မိမိတို့၏ရိုးရာထုံးတမ်းများနှင့်အညီ စီရင်ဆုံးဖြတ်ခွင့်ပြုပါရန်" အကြံပြုတင်ပြသွားသည်ကိုတွေ့ရှိရကြောင်း။

လိုအပ်မည်မဟုတ်

ထိုအကြံပြုချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် တိုင်းရင်းသားလူမျိုးများသည် မိမိတို့အစဉ်အဆက် ကျင့်သုံးခဲ့ကြသည့် ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ကြီးသည့်အမှုငယ်အောင်၊ ငယ်သည့်အမှုပပျောက်အောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေကြကြောင်း၊ ဥပဒေအရကန့်သတ်ထားသည်မှအပ ကျန်မှုခင်းများကိုလည်း မိမိတို့နှင့် သက်ဆိုင်သည့် ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ ဆောင်ရွက်ခွင့်ရရှိနေကြပြီးဖြစ်၍ သီးခြားဥပဒေပြဋ္ဌာန်းရန် လိုအပ်မည်မဟုတ်ပါကြောင်းကို ပြောကြားလိုကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကိုဖောက်ဖျက်၍ မြေပြင်သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ စကားရပ်အစား အပြည်ပြည်ဆိုင်ရာ ရေပြင်နှင့် မြန်မာ့ရေမြေ၊ လေပိုင်နက်အတွင်း ဖြစ်ပွားသော ကျူးလွန်သောပြစ်မှုများ" ဟု အစားထိုးပြောင်းလဲပေးပါရန် အကြံပြု တင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အဓိပ္ပာယ်ပိုပြည့်စုံ

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် မိမိနိုင်ငံ၏ ပိုင်နက်အတွင်း ဖြစ်ပွားသော ပြစ်မှုများကို မိမိတို့၏ တရားရုံးများက စစ်ဆေးစီရင်ပိုင်ခွင့်ရှိပြီးဖြစ်ကြောင်း၊ ယခုအကြံပြုချက်ပါ စကားရပ်ကို အသုံးပြုလျှင် အဓိပ္ပာယ်ပြည့်စုံမှုရှိရန် လိုအပ်နေမည်ဖြစ်ကြောင်းကို တွေ့ရကြောင်း၊ နိုင်ငံတကာကောင်းကင်ယံ၌ ကျူးလွန်သည့်ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကိုဖောက်ဖျက်၍ မြေပြင်၌ ကျူးလွန်သည့်ပြစ်မှုများ အကျုံးမဝင်သည့် သဘောသက်ရောက်သွားစေနိုင်ကြောင်း၊ မူလက ရှင်းလင်းတင်ပြထားသည့် စကားရပ်သည် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ယနေ့နိုင်ငံတကာမှာပါ သုံးနှုန်းနေကြသည့်အတွက် မူလကတင်ပြထားသော စကားရပ်ကို သုံးနှုန်းခြင်းက အဓိပ္ပာယ်ပိုမိုပြည့်စုံစေမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ယင်းအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် အချက်များကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ယင်းတို့၏ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် တရားစီရင်ရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး–

၁။ တရားစီရင်ရေး၊
၂။ ရှေ့နေများ၊
၃။ ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊
၄။ တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင် ပဋိညာဉ်၊ အနုညာတစီရင်ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့် ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာဥပဒေများ၊အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊
၅။ သက်သေခံဥပဒေ၊
၆။ ကာလစည်းကမ်းသတ်၊
၇။ အမှုတန်ဖိုးသတ်မှတ်ခြင်း၊
၈။ သီးခြားသက်သာခွင့်၊
၉။ နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊
၁၀။ ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊
၁၁။ ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင်သို့မဟုတ် နိုင်ငံတကာ ပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်း ဖြင့် ဖတ်ကြားတင်ပြသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာကို ဖတ်ကြားတင်ပြရာ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့် အာဏာနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများကို ၂၀၀၄ခုနှစ် မေလ ၂၁ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ထိုရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြု ဆွေးနွေးခဲ့ကြပြီး **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာတွင်ပါရှိသင့်သည့် အသေးစိတ် အခြေခံရမည့်မူများ အဖြစ်–**

"(က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ (Town and Village Plan)
(ခ) လမ်းများဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး၊
(ဂ) ပြည်သူ့ကျန်းမာရေး၊
(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊
(င) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊
(စ) စားကျက်မြေများထိန်းသိမ်းရေး၊
(ဆ) သစ်တောများကာကွယ်ထိန်းသိမ်းရေး၊
(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(ဈ) မြို့နှင့် ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီးဆိုင်ရာကိစ္စ၊
(ည) မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ"

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့်–

- **တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့**
- **တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့**
- **အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့**
- **အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့နဲ့**
- **နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့–**
  - **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
  - **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်**
  - **မြို(ခေါ်)ခမီအမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်**
  - **လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**
  - **ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်**
  - **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ**
  - **'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

တို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အကြံပြုတင်ပြ

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြချက်၏ အမှတ်စဉ်(ဇ)ရှိ **"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး" ဆိုသော စကားရပ်အစား "ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး" ဟု ပြင်ဆင်ရန် အကြံပြုတင်ပြ**သွားသည်ကို တွေ့ရှိရပါကြောင်း။

စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ ပြည်ထောင်စုဥပဒေပြုစာရင်း အမှတ်စဉ်(၃)တွင် "သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး"ဟူ၍ လည်းကောင်း၊ အမှတ်စဉ်(၇)တွင် "တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး"ဟူ၍လည်းကောင်း ပါရှိပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကလည်း ယင်းကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဥပဒေများပြဋ္ဌာန်းမည်ဖြစ်သည့်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက မိမိတို့၏ ဒေသအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းသည့်အခါ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့သို့ ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက်ကြောင့် "ပြည်ထောင်စုက ပြဋ္ဌာန်းသော ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး" ဟု ဖော်ပြသင့်ကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့က **"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြသော အချက်(၁၀)ချက်အပြင် အောက်ပါ အချက်(၂)ချက်ကို နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၌ လုပ်ပိုင်ခွင့်ရရှိရေးအတွက် ထည့်သွင်းစဉ်းစားပေးပါရန် တင်ပြအပ်ပါကြောင်း။**

နံပါတ်(၁) စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်
နံပါတ်(၂) ဒေသထူးခြားချက်အရ လိုအပ်သော အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများ၊ နယ်စပ်ကုန်သွယ်ရေး၊နယ်စပ်ဖြတ်သန်းခွင့်

တို့ဖြစ်ကြောင်း။

ထို့အပြင် အောက်ပါအချက်များကို စကားရပ်အစားထိုးပြောင်းလဲပေးပါရန် အကြံပြု တင်ပြအပ်ပါကြောင်း။

အမှတ်စဉ်(ခ) "လမ်းများ ဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး"အစား "လမ်းများဖောက်လုပ်ရေး၊ တံတားတည်ဆောက်ရေးနှင့် လမ်းတံတားများ ပြုပြင်ထိန်းသိမ်းရေး" စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဆ) "သစ်တောများ ကာကွယ်ထိန်းသိမ်းရေး"အစား "သဘာဝသစ်တောများ၊ ပုဂ္ဂလိကပိုင်ကျွန်းအပါအဝင်ဖြစ်သည့် သစ်တောစိုက်ခင်းများ ကာကွယ်ထိန်းသိမ်းရေး" စကားဖြင့်လည်းကောင်း အစားထိုးပေးပါရန်ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

မှတ်တမ်းတင်ထား

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် **ချမှတ်ပြီးဖြစ်သည့် အခြေခံမူထဲ၌ တိုင်းရင်းသားများနှင့်ပတ်သက်၍ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်" ဟု ဖော်ပြထားပြီးဖြစ်ကြောင်း၊ ယခုလည်းနိုင်ငံတော်က တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုတို့ကိုအားပေးနေသကဲ့သို့ နောင်လည်းလိုအပ်လျှင် လိုအပ်သကဲ့သို့ ဆောင်ရွက်သွားနိုင်ရေးအတွက် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။**

ဒေသထူးခြားချက်အရ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများဆိုသည့် အချက်များသည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်၊ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အပိုင်းများနှင့်သာ သက်ဆိုင်အကျုံးဝင်သည့် ကိစ္စရပ်များသာ ဖြစ်ကြောင်း၊ တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဥပဒေပြု စာရင်းတွင်သာ ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် နယ်စပ်ဖြတ်သန်းခွင့်တို့သည် ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ဖော်ပြရန်အတွက် နိုင်ငံခြားရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့တွင် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြလိုကြောင်း။

အဓိပ္ပာယ်ပြည့်စုံ

သစ်တောများကာကွယ်ထိန်းသိမ်းရေးဆိုသည့် စကားရပ်သည် အဓိပ္ပာယ်ပြည့်စုံပြီးဖြစ်ကြောင်း၊ ထိုစကားရပ်ထဲတွင် သဘာဝသစ်တောလည်း အကျုံးဝင်မည်ဖြစ်သကဲ့သို့ လူတို့စိုက်ပျိုးသည့် သစ်တောများလည်း အကျုံးဝင်မည်ဖြစ်ကြောင်း၊ သစ်တောထဲ၌ပေါက်ရောက်နေသော သစ်အမျိုးအစားအားလုံး အကျုံးဝင်ပြီးဖြစ်၍ သီးခြားစီဖော်ပြရန် လိုအပ်မည် မဟုတ်ပါကြောင်း ပြောကြားလိုကြောင်း။

အမှတ်စဉ်(ခ) "လမ်းများ ဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး"အစား "လမ်းများဖောက်လုပ်ရေး၊ တံတားတည်ဆောက်ရေးနှင့် လမ်းတံတားများပြုပြင်ထိန်းသိမ်းရေး" ဟု ပြင်ဆင်ပေးရန် အကြံပြုချက်သည် ကောင်းမွန်ကြောင်း၊ သို့သော်လည်း ဥပဒေပြုစာရင်းခေါင်းစဉ်အဖြစ် ထည့်သွင်းခြင်း **ဖြစ်သောကြောင့် အသုံးအနှုန်းကျစ်လျစ်ရန် လိုကြောင်း၊** မူလရှင်းလင်းတင်ပြချက်တွင် လမ်းများဖောက်လုပ်ခြင်း၊ **ပြုပြင်ထိန်းသိမ်းခြင်းများ အကျုံးဝင်ပြီးဖြစ်၍ လိုအပ်နေသည့် တံတားနှင့် 'တည်ဆောက်'ဆိုသည့် ဝေါဟာရကို ဖြည့်စွက်လိုက်မည်ဆိုလျှင် အဓိပ္ပာယ်ပြည့်စုံသွားစေမှာဖြစ်ကြောင်း၊** ထို့ကြောင့် လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်၊ **ပြုပြင်ထိန်းသိမ်းရေးဟု သုံးနှုန်းခြင်းသည် ကောင်းမွန်သင့်မြတ်ပြီး အလေးအနက်ထား စဉ်းစားသင့်ကြောင်း သုံးသပ်ရရှိကြောင်း။**

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြု **ချက်ဖြစ်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** ဆိုသော စကားရပ်အစား **"ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး"ဟု** ပြင်ဆင်ရန် အကြံပြုချက်ကိုလည်း အလေးအနက်ထား **စဉ်းစားသင့်ကြောင်း သုံးသပ်ရရှိကြောင်း။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် အချက်အလက်များကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ဆန္ဒသဘောထားများတင်ပြ

▲ စာမျက်နှာ ၁၀ မှ

ယင်းအကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက သဘာပတိ အဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ကြောင်း၊ သဘာပတိ အဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ် အစု အဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံ ကျင်းပ ရေးလုပ်ငန်းကော်မတီသို့စာဖြင့် တင်ပြခဲ့ကြကြောင်း၊ ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အများအပြားက **"လမ်းတံတားများ ဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး"ဟု လည်းကောင်း၊ "ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး"ဟု လည်းကောင်း ဖော်ပြသင့်ကြောင်း** အကြံပြုခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ပါတီ၏သဘောထားအတိုင်းတင်ပြ

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ထိုအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် အချက်အလက်များကို အသေးစိတ် အခြေခံ ရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီ တင်ပြသွားကြသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ် အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းတွင် ပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းရေးနှင့်စပ်လျဉ်းပြီး **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့ တိုင်းသို့မဟုတ် ဒေသအတွက် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့် အာဏာများကို ခွဲဝေအပ်နှင်းသည်–**

"(က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ (Town and Village Plan)
(ခ) လမ်းတံတားများ ဖောက်လုပ်၊ တည်ဆောက် ပြုပြင်ထိန်းသိမ်းရေး၊
(ဂ) ပြည်သူ့ကျန်းမာရေး၊
(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊
(င) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊
(စ) စားကျက်မြေများထိန်းသိမ်းရေး၊
(ဆ) သစ်တောများကာကွယ်ထိန်းသိမ်းရေး၊
(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(ဈ) မြို့နှင့် ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီးဆိုင်ရာကိစ္စ၊
(ည) မြို့များနှင့်ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

အခြားကိစ္စရပ်များ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာ တင်အောင်အေးက **"ပြည်ထောင်စုတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းရေး" ကိုဖတ်ကြားတင်ပြရာ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းရေးအတွက် ချမှတ်သင့်သည့် အသေး စိတ်အခြေခံရမည့်မူနှင့် စပ်လျဉ်းပြီး ၂၀၀၄ ခုနှစ် မေလ ၂၁ ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ထိုရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး အသေးစိတ်အခြေခံ ရမည့်မူအဖြစ် "ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်"ဟု ချမှတ်သင့်ကြောင်းကို ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့်–**

- **တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့**
- **တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့**
- **အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့**
- **အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့**
- **နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့**
- **အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့နှင့်**
- **နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်သည့်–**
- **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
- **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်**
- **မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်**
- **လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**
- **ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်**
- **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ**
- **'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

တို့က အကြံပြု တင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေး ပါတီမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ထိုအစုအဖွဲ့တွင် ပါဝင်သည့်တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့်အချက်ကို အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ဆန္ဒသဘောထားများကို သီးခြားစီ တင်ပြသွားကြသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် **ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းတွင် ပါဝင်သည့် ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီး အဖွဲ့များ၏ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသည့်ကိစ္စရပ် များနှင့် စပ်လျဉ်းပြီး "ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများ တွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့် အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းသည်" ဟု အသေးစိတ် အခြေခံရမည့်မူ ချမှတ်လိုက် ပါကြောင်း** ဖြင့် ဖတ်ကြားတင်ပြသွားသည်။

၂၀၀၅ခုနှစ် မတ် ၃ရက်တွင် ရန်ကုန်တိုင်း မှော်ဘီ မြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရ မည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ"၊ "လွှတ်တော် အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု"၊ "ဘဏ္ဍာရေး ကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ အကြားအခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း"ကို အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်၏ ဖတ်ကြားတင်ပြချက်ကိုလည်းကောင်း၊ "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော် ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း"ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီးဦးတင်အေး၏ ဖတ်ကြားတင်ပြချက် ကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ ညီလာခံ ကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ချမှတ်ပြီးဖြစ်သော အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များ အလွယ်တကူသိရှိနိုင်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့၏ စုစည်းတင်ပြချက်ကိုလည်းကောင်း မတ် ၇ ရက်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် မတ် ၅

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က တည်ခင်း ဧည့်ခံသည့် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၃)နှင့် အလယ်တန်း ဆရာအတတ်သင်တန်း အမှတ်စဉ်(၁၄)တို့၏ သင်တန်းဆင်းပွဲအကြို ဂုဏ်ပြုညစာစားပွဲကို မတ် ၃ရက် ညနေ ၆နာရီတွင် တက္ကသိုလ်ရင်ပြင်၌ ကျင်းပသည်။

ညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလုကြည်၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ဇော်မင်းသိန်းနှင့် ဇနီး၊ တက္ကသိုလ်ကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယဗိုလ်မှူးကြီး ညီညီစံ၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါ်ခင်စီစီ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့သည် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဂုဏ်ပြု ညစာစားပွဲကိုကျင်းပရာ ညစာသုံးဆောင်နေစဉ် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်မြင့်မားရေးတေးသီချင်းများဖြင့် ဧည့်ခံ၍ ညစာစားပွဲအပြီးတွင် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဆို အကများဖြင့် ဧည့်ခံဖျော်ဖြေသည်။

ထို့နောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်တို့က တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီအစည်းအဝေး (၁/ ၂၀၀၅)ကျင်းပ

ရန်ကုန် မတ် ၅

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/၂၀၀၅)ကို မတ် ၃ရက် နံနက် ၁၀နာရီတွင် တက္ကသိုလ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၊ တက္ကသိုလ်ကောင်စီဝင်များဖြစ်ကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလုကြည်၊ စစ်ကိုင်းပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်း၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယဗိုလ်မှူးကြီး ညီညီစံ၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)ဒေါ်ခင်စီစီ၊ တက္ကသိုလ်ကောင်စီဝင် ဦးအောင်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ဆက်လက်၍ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အထက(၃) ပုဇွန်တောင် မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၅

၁၉၆၂ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသည့် အငြိမ်းစား ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ပူဇော်ပွဲကို အထက(၃) ပုဇွန်တောင်ကျောင်းခန်းမဆောင်၌ ကျင်းပရန် စီစဉ်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေနှင့်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဖုန်း–၂၉၁၆၂၄၊ ဒေါ်မြင့်မြင့်ဝင်းဖုန်း–၅၂၅၈၅၁၊ဒေါ်အေးအေးနိုင် ဖုန်း–၂၉၆၈၆၃၊ ဒေါ်သန်းသန်းနုဇော် ဖုန်း–၅၄၃၉၁၀၊ ဒေါ်ခင်စန်းဝင်း ဖုန်း–၀၉–၅၁၁၆၈၄၉၊ မသဇင်ဦး ဖုန်း–၂၉၀၆၄၀၊ မမြင့်သူဇာထွန်း ဖုန်း–၂၀၀၄၀၈နှင့် ကိုအေးမင်း ဖုန်း–၂၀၀၈၃၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အစည်းအဝေးသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တွင်းနှင့်အနယ်နယ်အရပ်ရပ်သို့ နေ့စဉ် ခရီးသွားလာလျက်ရှိသည့် ပြည်သူများနှင့် ရန်ကုန်မြို့တွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်း စွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက စီမံဆောင်ရွက်ပေးရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ ကြေနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းစေရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုတိုးတက်လာစေရေးအတွက် သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

မြန်မာပြည် ဗုဒ္ဓဘာသာပုညကုသလ(ဘီဘီအမ်အေ)အသင်းကြီး၏ (၈၅)ကြိမ်မြောက် ပိဋကတ်တော်အလှူပွဲကို ဖေဖော်ဝါရီ ၂၇ရက်က လမ်းမတော်မြို့နယ်အမှတ် (၁၈၇/၁၈၉)အနော်ရထာလမ်းနှင့် (၁၄) လမ်းထိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ဦးစောဖေညွန့်နှင့် အကျိုးတော်ဆောင်ချုပ် ဦးမြင့်သန်းတို့က သံဃာတော်အရှင်မြတ်များကို ပိဋကတ်တော်စာအုပ်များနှင့် လက်ဆွဲသေတ္တာ ဆက်ကပ်လှူဒါန်းစဉ်။ (၅၇)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဌမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ ဆွမ်း၊ကွမ်းနှင့်အချိုရည်ဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် မတ် ၅

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ပဌမအစည်းအဝေး၊သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလဆန်း ၁၅ ရက် (မတ် ၂၀ ရက်မှ ၂၄ ရက်အထိ) ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်ကပ်

အဆိုပါအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ပရဒေသီဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးနှင့် ဘွဲ့တံဆိပ်တော် ခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ အထူးပင့်တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ပဋ္ဌာသမဏ သံဃာတော်များ စုစုပေါင်း ဆရာတော် သံဃာတော် ၉၅၃ ပါး ကြွရောက်တော်မူကြမည် ဖြစ်သည်။

လှူဒါန်းနိုင်

ယင်းဆရာတော်ကြီးများအား ဆွမ်း၊ ကွမ်းနှင့် အချိုရည်ဆက်ကပ်လှူဒါန်းလိုကြသော အလှူရှင်များသည် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာငွေကျပ် ၁၂၀၀ နှုန်းဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်ရှိ ဆွမ်း၊ကွမ်းဝေယျာဝစ္စအဖွဲ့ ဖုန်း–၆၆၀၇၆၆၊ ၆၆၀၉၉၈၊၆၆၀၁၄၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

တိုက်ဂါး–မြန်မာအပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၅

မြန်မာ့ ဂေါက်သီးအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်မီ ဂေါက်သီးရိုက် အားကစားသမားများပေါ်ထွက်လာရေး၊ နိုင်ငံတကာအဆင့်မီ ဂေါက်သီးရိုက်ပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရေး၊ အရှေ့တောင်အာရှနိုင်ငံများမှ ဂေါက်သီးရိုက် အားကစားသမားများနှင့် ရင်းနှီးချစ်ကြည်မှု ရရှိစေရေး၊ မြန်မာနိုင်ငံ၏ အေးချမ်းသာယာဝပြောမှုကို ကမ္ဘာက သိရှိစေရေးနှင့် မျိုးဆက်သစ် မြန်မာ့ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာစေရေးဟူသည့် ရည်ရွယ်ချက်တို့ဖြင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် Tiger - Myanmar Amateur Open 2005 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ Dusit Inya Lake Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က အမှာစကား ပြောကြားပြီး Myanmar Brewery Ltd., General Manager, Mr. David Teng က ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သတင်းစာဆရာများ သိလိုသည့် မေးမြန်းချက်များကို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

သတင်းစာရှင်းလင်းပွဲ အပြီးတွင် Opening Tee Off အဖြစ် Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် Myanmar Brewery Ltd., General Manager, Mr. David Teng တို့က ပြိုင်ပွဲမတိုင်မီအကြိုအဖြစ် Dusit Inya Lake Hotel ပရဝဏ်ရှိ Lake View Side ၌ ဂေါက်သီးရိုက်၍ Tiger - Myanmar Amateur Open 2005 ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာ့ဂေါက်သီးလက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြသော ဘိုဘို၊ ဇော်ဇင်ဝင်း၊ သိန်းဇော်မြင့်နှင့် အောင်ဝင်း(မုံရွာ)တို့ကလည်း ဂေါက်သီးရိုက် သရုပ်ပြကစားကြသည်။

အဆိုပါ ပြိုင်ပွဲကို မတ် ၇ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ဒညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသွားမည်ဖြစ်ပြီး ဆုကြေးငွေအဖြစ် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ် ၃၅၀၀၀၀၊ တတိယ ဆုငွေကျပ်သုံးသိန်းနှင့် နေ့စဉ်အကောင်းဆုံး ဂေါက်သီးရိုက်အားကစားသမားအတွက် ဆုကြေးများအပါအဝင် ဆုကြေးငွေ စုစုပေါင်း ငွေကျပ် ၃၄၅၅၀၀၀ကို ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲ၏ Title Sponsor အဖြစ် Myanmar Brewery Ltd က အဓိကပံ့ပိုးကူညီပြီး Co-Sponsors များအဖြစ် Air Mandalay Ltd. Dusit Inya Lake Hotel၊ Ping Golf Equipments၊ Srixon Golf Equipments နှင့် ACCEL International Co., Ltd. (Canon) တို့ကလည်း ကူညီပံ့ပိုးသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၅

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် (၄၇)ကြိမ်မြောက် မင်္ဂလာဗျူဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ဖွင့်လှစ်မည် ဖြစ်သည်။

သင်တန်းကို စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် နံနက် ၇ နာရီခွဲမှ ၁၁ နာရီအထိ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းတို့၌ ဗုဒ္ဓဝင်၊ ဘုရားရှိခိုး၊ မင်္ဂလသုတ်၊ ဗုဒ္ဓဘာသာ မြန်မာစာ၊ ယဉ်ကျေးလိမ္မာဆုံးမစာ သင်ခန်းစာများကို သင်ကြားပို့ချမည်ဖြစ်သည်။ (က–ပ)

နွေရာသီကြက်တောင် သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့မှ ကြီးမှူး၍ နွေရာသီ ကြက်တောင် သင်တန်းကို အမျိုးသားကြက်တောင် အားကစားခန်းမတွင် မတ် ၁၀ ရက်မှစတင်၍ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းသင်တန်းတွင် နိုင်ငံတကာ ကြက်တောင်ပြိုင်ပွဲ အတွေ့အကြုံရှိ နည်းပြများက သင်ကြားပြသပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမ ဖုန်း–၂၂၁၄၉၆၊ ဦးအောင်သန်းနှင့်ဦးသန်းထွန်းအောင်တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရောဝတီတိုင်း အိမ်မဲမြို့နယ် ခြောက်အိမ်တန်းကျေးရွာ ဇင်ပြွန်းကုန်းကျောင်း (၅၅)ကြိမ်မြောက် (YMBA) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဗုဒ္ဓဝင်နှင့်မင်္ဂလာတရားတော် စာမေးပွဲအောင်မြင်သူများ ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ တစ်ပြည်လုံး ဒုတိယဆင့် ပထမဆုရ မမေဇင်အေးမြင့်အား YMBA အသင်း အထွေထွေအတွင်းရေးမှူး ဦးစိန်သန်း ဆုချီးမြှင့်စဉ်။ (၂၃)

ဆွမ်းဦးပုညရှင်စေတီတော် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ် တင်လှူပူဇော်ပွဲကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၂ရက် (မတ် ၂၁ရက်) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၃ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်အားကစားပြိုင်ကွင်း၌ ကျင်းပသော ၂၀၀၅ခုနှစ် မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုချီးမြှင့်သည်။

ဆုချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနား၌မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဒုတိယ ဗိုလ်မှူးကြီး ကျော်ကျော်က အမျိုးသား အသက်(၆၀) အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ မောင်မောင်လေးနှင့် ညီညီဇော်တို့အတွဲ၊ ဒုတိယ ဟောက်ကိုပေါ်နှင့် ဟာဘတ်တို့အတွဲ၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ မောင်မောင်လေးနှင့် ဒုတိယဟာဘတ်တို့အားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက အမျိုးသား (၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ပီတာအောင်မြင့်၊ ဒုတိယဟောက်ကိုပေါ်၊ အမျိုးသား (၄၅)နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ခင်ဝင်းနှင့် တင်မောင်လွင်တို့အတွဲ၊ ဒုတိယ မြင့်စိုးနှင့် လေးဖေခင်တို့ အတွဲအားလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လင်းက အမျိုးသား (၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အောင်မိုးနှင့် ဒုတိယ ခင်ဝင်း၊ အမျိုးသား (၃၅)နှစ်အထက်တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ အေးထွန်းနှင့် ဒုတိယ အောင်မိုးတို့အား လည်းကောင်း၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်က အမျိုးသား (၃၅)နှစ်အထက် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ ဒေါက်တာတင်အောင်လင်းနှင့် အမ်ဒင်းဂျာတို့အတွဲ၊ ဒုတိယ အောင်မိုးနှင့် အေးထွန်းတို့အတွဲအား လည်းကောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လင်းက အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ ကျော်စံဝင်းနှင့် အေမီထွန်းတို့အတွဲ **(အောက်ဝဲပုံ)**နှင့် ဒုတိယ အေးထွန်းနှင့် ကြည်မြဇော်တို့ အတွဲအား လည်းကောင်း၊ အဖွဲ့ချုပ်နာယက ဦးဇော်ဇော်က အမျိုးသမီးအလွတ်တန်းတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ အေမီထွန်း၊ ဒုတိယ ကြည်မြဇော်နှင့် တတိယ မိုးချစ်သဲတို့အား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ ခင်မောင်ဝင်းနှင့် လှဝင်းနိုင်တို့အတွဲ၊ ဒုတိယ မင်းမင်းနှင့် ငယ်နောင်းတို့ အတွဲအားလည်းကောင်း၊ အမျိုးသား အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ မင်းမင်း၊ ဒုတိယ ခင်မောင်ဝင်းနှင့် တတိယ ငယ်နောင်းတို့အား လည်းကောင်း၊ အမျိုးသား (၅၅)နှစ်အထက် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် မောင်မောင်လေးတို့အတွဲနှင့် ရဲမှူးကြီး ခင်မောင်ဝင်းနှင့် တင်မောင်လွင်တို့ အတွဲအားလည်းကောင်း ဆုများချီးမြှင့်သည်။ (သတင်းစဉ်)

မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၅

မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း (၂/၂၀၀၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရဲထွဋ်က အမှာစကားပြောကြားပြီး အခမ်းအနားမှူး ဦးနော်တောင် (ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန)က ကျင်းပပြီးစီးခဲ့သည့် (၁/၂၀၀၅) အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် အမှုဆောင်များက အကောင်းဆုံးအားကစားသမားဆုနှင့် ၎င်းအားကစားသမားအားမွေးထုတ်ပေးသည့် အားကစားအဖွဲ့ချုပ်အားဆုချီးမြှင့်ရေး၊ လူထုအားကစားလှုပ်ရှားမှုနှင့်ပတ်သက်၍ ဆုချီးမြှင့်ရေး၊ ဖောင်ဒေးရှင်းလိုဂို (LOGO) အမှတ်တံဆိပ်ပြိုင်ပွဲ၌ ဆုရရှိသူများအားဆုချီးမြှင့်ရေး၊ ဖောင်ဒေးရှင်းသီချင်းနှင့်စပ်လျဉ်း၍ ဂုဏ်ပြုဆုချီးမြှင့်ရေး စသည့် အထွေထွေအကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးကြသည်။ (ကြေးမုံ)

တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက်၊ (၁)လမ်းနေပြည်သူများ၏ ကိုယ့်အားကိုယ်ကိုး ရေတံကင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ အဖွဲ့ဝင်(၂) ဦးတိုးလင်း၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖေညွန့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

နေရာကွက်ကျား မိုးရွာဖွယ်ရှိ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀) ဖြစ်သည်။

ကုန်သည် စက်မှုလုပ်ငန်းရှင်များ မလေးရှားနှင့်စင်ကာပူ ပရိဘောဂပြပွဲ တက်ရောက်မည်

ရန်ကုန် မတ် ၅

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် Malaysia Furniture Export Exbihition (MAFEX) 2005 ပြပွဲ၊ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် 22nd ASEAN Furniture Show 2005 ပြပွဲသို့တက်ရောက်ပြီး ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးနှင့် ဈေးကွက်ရှာဖွေရေးသွားရောက်ရန်အတွက် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဘကြည်စိန်း၊ အလုပ်အမှုဆောင် ဦးကျော်မင်း(စိန်နှင့်မြမွေ့ရာ)တို့ ဦးဆောင်သော အဖွဲ့ဝင် ၁၃ဦးပါ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။
(အပေါ်ပုံ)(သတင်းစဉ်)

အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာပြီး လေပြင်းတိုက်ခတ်နိုင်

ရန်ကုန် မတ် ၅

အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ အရှေ့ဘက်သို့ ရွေ့လျားလာသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မတ် ၆ရက် ညနေပိုင်းမှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ နေရာကွက်ကျားမှနေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး အချို့နေရာများ၌ ခေတ္တမျှ လေပြင်း တိုက်ခတ်နိုင်သည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကျေးရွာတိုင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့

ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မတ်လ ၁ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၁၃၃၇၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

သာကေတမြို့နယ် ၃/ရန်ပြေ သုမနလမ်း၊ အမှတ် (၃၅)နေ ဒေါ်လဲ့လဲ့စိုး မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို သဃ်န်းကျွန်းမြို့နယ် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည့် ၍အခြေခံမူအရ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရန် လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ပေးသွားမည်

"လူမှုရေးကဏ္ဍ"နှင့် "စီမံခန့်ခွဲရေးကဏ္ဍ" တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စားလုပ်ငန်းကော်မတီ အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၅

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ **ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်** ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ **"လူမှုရေးကဏ္ဍ"နှင့် "စီမံခန့်ခွဲရေးကဏ္ဍ"တို့ကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား** လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက် **အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

ရှေးဦးစွာ "လူမှုရေးကဏ္ဍ"ကို ဖတ်ကြားတင်ပြရာ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတို့တွင် ဖော်ပြသင့်သည့် လူမှုရေးကဏ္ဍအောက်တွင် ပါရှိရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူတွေကို ၂၀၀၄ ခုနှစ် မေ ၂၀ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ထိုရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး **လူမှုရေးကဏ္ဍတွင် ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်—**

"၁။ ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်း စီမံချက်နှင့်စံများ၊

၂။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊သိပ္ပံစသည့် သင်တန်းများနှင့် အဆင့်မြင့်ပညာ အခြားအဖွဲ့အစည်းများ၊

၃။ ပြည်ထောင်စုက သတ်မှတ်သည့် စာမေးပွဲများ၊

၄။ ကိုယ်ပိုင်ကျောင်းများနှင့် သင်တန်းများ၊

၅။ အမျိုးသားအားကစား၊

၆။ အမျိုးသားကျန်းမာရေး၊

၇။ တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး၊

၈။ ကုသိုလ်ဖြစ် ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊

၉။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊

၁၀။ ကြက်ခြေနီအသင်း၊

၁၁။ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန် စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊

၁၂။ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာသည့်အခါ ပါတီစုံစနစ်ကို ကျင့်သုံးတော့မည်ဖြစ်၍ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရ သက်ဆိုင်ရာပါတီများက တောင်သူလယ်သမား အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်သွားနိုင်ကြမည်ဖြစ်၊ ထို့ကြောင့် သီးခြားဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် မလိုသည့်အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြရန် လိုအပ်မည်မဟုတ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ မိမိတို့ဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းသည့်အခါ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်

ရန်ကုန် မတ် ၅

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "တရားစီရင်ရေးကဏ္ဍ"၊ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"၊ "ပြည်ထောင်စုတိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့(သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး"တို့ကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၏ ဖတ်ကြားတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။**

ရှေးဦးစွာ "တရားစီရင်ရေးကဏ္ဍ"ကို ဖတ်ကြားတင်ပြရာ၌ ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် တရားစီရင်ရေးကဏ္ဍအောက်တွင် ပါရှိရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများကို ၂၀၀၄ခုနှစ်၊ မေလ ၂၁ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ထိုရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး **တရားစီရင်ရေးကဏ္ဍတွင်ပါရှိသင့်သည့် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်—**

"၁။ တရားစီရင်ရေး၊

၂။ ရှေ့နေများ၊

၃။ ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊

၄။ တရားမဥပဒေများ၊ ကျင့်ထုံးများ အပါအဝင် ပဋိညာဉ်၊ အနုညာတစီရင်ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့် ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာ ဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊

၅။ သက်သေခံဥပဒေ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

ဖတ်ကြားတင်ပြ

"တရားစီရင်ရေးကဏ္ဍ"၊ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"၊ "ပြည်ထောင်စုတိုင်း ဒေသကြီး(သို့မဟုတ်) ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေရေး"တို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာ အညွှန်း

❀ *ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ထိန်းသိမ်းမြှင့်တင် မြန်မာအမျိုးသမီးငယ်ရွယ်များအား ပညာပေးစည်းရုံး* (ခေါင်းကြီး၊ စာမျက်နှာ-၂)

❀ ***မိမိတို့၏ကိုယ်ပိုင်ဉာဏ်ဖြင့် ကွပ်ကဲကာ မည်သည့်အရာကိုယူမည်၊ မည်သို့တိုးတက်အောင် ဆောင်ရွက်မည်၊ မိမိတို့နိုင်ငံစရိုက်၊ မိမိတို့နိုင်ငံ သဘာဝနှင့်ကိုက်ညီအောင် မည်သို့သော အနှစ်သာရကိုထည့်သွင်းမည်။ မည်သို့သောအသွင်သဏ္ဌာန်ကို ဖြစ်ထွန်းစေမည်ဟု စဉ်းစား ဆုံးဖြတ်သင့်ပါသည်။ ကြိုးစားလုပ်ဆောင်နေသင့်ပါသည်။***

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ ***"မျက်စိကိုဖွင့် နားကိုစွင့်၍ ဉာဏ်ဖြင့်ကွပ်ကဲ သတိမြဲပါစေ"*** (ဆောင်းပါး၊ စာမျက်နှာ-၅)

❀ ပုံလွှား၏ ***"နည်းနည်းလေးမှမလိုချင်"*** (ကဗျာ၊ စာမျက်နှာ-၉)